၇၃၇	ထက်အောင် (ခ) ဖိုးချစ်	ကျား	၁၅	အမည်မသိ	၇ မေ ၂၁	၇ မေ ၂၁	အရပ်သား	မြင်းခြံ၊ လယ်သစ်	မြင်းခြံ၊ လယ်သစ်ကျေးရွာ	မြင်းခြံ	မန္တလေး	အကြမ်းဖက်စစ်တပ်မှ မြင်းခြံမြို့နယ် လယ်သစ်ရွာတွင်းသို့ ဝင်ရောက်ပစ်ခတ်စဉ် မောင်ဖိုးချစ် အသက် ၁၅ နှစ်၏ဦးခေါင်းသို့ ကျည်ဆံထိမှန်ကျဆုံးပါသည်။
၇၃၈	ကျော်သူစိုး	ကျား	၂၇	အမည်မသိ	၇ မေ ၂၁	၇ မေ ၂၁	အရပ်သား	ကင်းစံပြကျေးရွာ	ကင်းစံပြကျေးရွာ	ကနီ	စစ်ကိုင်း	စစ်ကိုင်းတိုင်း၊ ကနီမြို့နယ်၊ ကင်းစံပြကျေးရွာမှ ကျော်သူစိုး အသက် ၂၇ နှစ်မှာတောထဲသို့သွားစဉ် အကြမ်းဖက်စစ်အုပ်စုမှ ပစ်ခတ်သတ်ဖြတ်ခြင်းကြောင့် ကျဆုံးသွားပါသည်။
၇၃၉	စိုင်းကွမ်စိုင်း (ခ) နောင်စိုင်း	ကျား	၄၃	အမည်မသိ	၈ မေ ၂၁	၈ မေ ၂၁	ဆရာဝန်	ခလရ ၃၈၉ ရှေ့ဖြတ်စဉ်ဖမ်းဆီးသတ်ဖြတ်ခံရ	ဟိုပင်	မိုးညှင်း	ကချင်	၈ မေ ၂၁ ည ၇ နာရီ ကျော်ခန့် ဆရာဝန် စိုင်းကွမ်စိုင်း (ခ) နောင်စိုင်းမှ ခလရ ၃၈၉ ရှေ့မှ ဆိုင်ကယ်ဖြင့်ဖြတ်သွားစဉ် ဖမ်းဆီးခံရပြီး နားထင်သို့ သေနတ်ဖြင့်ပစ်ခတ်သတ်ဖြတ်ခံရကာ လမ်းဘေးတွင် သွားရောက်ပစ်ထားခဲ့ပါသည်။ ကျဆုံးသူ၏ ဆေးမှတ်တမ်းတွင် မူးယစ်ဆေးဝါး လျော့ဖြစ်သည်ဟု ထုတ်ပြန်ထားပါသည်။
၇၄၀	ဇော်ထွန်း (ခ) ခက်သီ	ကျား	၄၄	အမည်မသိ	၈ မေ ၂၁ ဖမ်းဆီးခံ	၉ မေ ၂၁	ကဗျာဆရာ	ရွှေဘိုမြို့ရှိ စစ်ကြောရေးစခန်း		ပုလဲ	စစ်ကိုင်း	မေလ ၈ ရက်နေ့တွင်ရွှေဘိုမြို့ရှိ နေအိမ်တွင် ဇနီးနှင့်အတူ အဖမ်းခံခဲ့ရပြီးနောက် အကြမ်းဖက်စစ်အုပ်စု၏ စစ်ကြောရေးစခန်းအတွင်း ညှဉ်းပန်းနှိပ်စက်မှု များကြောင့် ၉ မေလ ၂၀၂၁ နေ့တွင် ကျဆုံးသွားပါသည်။

၇၄၁	အောင်ရဲလွင်	M	၂၉	အမည်မသိ	၉ မေ ၂၁	၉ မေ ၂၁	အရပ်သား	မြင်းမူမြို့ဆန္ဒပြပွဲဖြိုခွင်းခံရ		မြင်းမူ	စစ်ကိုင်း	စစ်ကိုင်းတိုင်းဒေသကြီးမြင်းမူမြို့နယ်တွင် အကြမ်းဖက်စစ်အုပ်စုမှ ပြည်သူ ဦးအား ဝင်ရောက်ဖမ်းဆီးသဖြင့် ပြန်လည်လွတ်ပေးရန်တောင်းဆိုနေစဉ် သေနတ်ဖြင့်ပစ်ခတ်မှုကြောင့် ကျဆုံးသွားပါသည်။
၇၄၂	ငြိမ်းသူအောင်	ကျား		အမည်မသိ	၉ မေ ၂၁	၉ မေ ၂၁	ဆေးကျောင်းသား ဟောင်း	စတားစီးတီးကွန်ဒို	တိုက်အမှတ် B-5 စတားစီးတီး	သံလျင်	ရန်ကုန်	၉ မေ ၂၁ ရက်နေ့တွင် သန်လျင်စီးတီးစတား တိုက်ခန်း အမှတ် (B-5) သို့ အကြမ်းဖက်စစ်အုပ်စုမှ ဝင်ရောက်ဖမ်းဆီးစဉ် ဆေးတက္ကသိုလ် ကျောင်းသားဟောင်း ကိုငြိမ်းသူအောင်မှ ငြင်းဆန်မှုပြုသဖြင့် ရုန်းရင်းဆန်ခတ်ဖြစ်ပွားစဉ် တိုက်ပေါ်မှ ပြုတ်ကျသေဆုံးကြောင်း သိရသည်။
၇၄၃	Pu Tler Ling ဦးတလဲလိလင်း	ကျား	၆၀	အမည်မသိ	၉ မေ ၂၁	၁၁ မေ ၂၁	အရပ်သား	တောင်ယာတွင်ဖမ်းဆီး	ဟားခါးစွေးသစ်	ဟားခါး	ချင်း	၉ မေ ၂၁ နေ့တွင်အကြမ်းဖက်စစ်အုပ်စုမှ ဖမ်းဆီးခေါ်ဆောင်သွားပြီး ၁၁ မေ ၂၀၂၁ နေ့တွင် ညှဉ်းပန်းနှိပ်စက်သည့် ဒါဏ်ရာများဖြင့် ကျဆုံးသွားပါသည်။
၇၄၄	Pu Khamh Bawi ဆလိုင်းခါမ်ဘွဲ့	ကျား		အမည်မသိ	၉ မေ ၂၁	၁၁ မေ ၂၁	အရပ်သား	နေအိမ်အတွင်း၀င်ဖမ်း	Thang Zang	ဟားခါး	ချင်း	မေလ ၉ ရက် ၂၀၂၁ နေ့ ည ၉နာရီခန့်တွင် နေအိမ်တွင်းသို့ အကြမ်းဖက်စစ်အုပ်စုမှ Pu Khamh Bawi အား၀င်ရောက်ဖမ်းဆီးသွားပြီး စစ်ကြောရေးစခန်းအတွင်း ညှဉ်းပန်းနှိပ်စက်မှုကြောင့် ကျဆုံးခဲ့ပါသည်။ အကြမ်းဖက်အုပ်စုကမူ ပြင်းထန်အဆုပ်ရောင်ရောဂါဖြင့် သေဆုံးသွားသည်ဟု အကြောင်းကြားခဲ့ပြီး အလောင်းအား ဖျောက်ဖျက်ခဲ့ပါသည်။

၇၄၅	လဂျူဂျာကွန်း	ကျား		အမည်မသိ	၁၀ မေ ၂၁	၁၀ မေ ၂၁	အရပ်သား	နှမ္မတီးမြို့ ချယ်ရီခေါက်ဆွဲဆိုင်ရှေ့	နှမ္မတီးမြို့	မြစ်ကြီးနား	ကချင်	ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နှမ္မတီးမြို့ရှိ ချယ်ရီခေါက်ဆွဲဆိုင်ရှေ့တွင် ၁၀ မေ ၂၀၂၁ ည (၉)နာရီခွဲဝန်းကျင်ခန့်က ဆိုင်ကယ်မောင်းလာစဉ် အကြမ်းဖက်စစ်အုပ်စုမှ ပစ်ခတ်သတ်ဖြတ်ခြင်းကြောင်း ကျဆုံးသွားပါသည်။
၇၄၆	ကျော်မြင့်	ကျား	၃၅	အမည်မသိ	၁၁ မေ ၂၁	၁၁ မေ ၂၁	အရပ်သား		သမင်ခြံရွာ	ကနီ	စစ်ကိုင်း	ကိုကျော်မြင့်မှာ စီတ်ဝေနာသည်တဦးဖြစ်ပြီး မေလ ၁၁ ရက်ညဖက်တွင် အကြမ်းဖက်စစ်အုပ်စု၏ ပစ်ခတ်မှုကြောင့် ကျဆုံးသွားပါသည်။
၇၄၇	ဇင်ကိုထွန်း	ကျား	၂၂	အမည်မသိ	၁၂ မေ ၂၁	၁၃ မေ ၂၁	ကျောင်းသား	တလုပ်မြို့	ညောင်တုန်းကျေးရွာ	မြင်းခြံ	မန္တလေး	မေလ ၁၂ ရက်နေ့တွင် တလုတ်မြို့၌ ညကင်းစောင့်နေစဉ် ပစ်ခတ်ခြင်းခံခဲ့ရပြီး ဒဏ်ရာဖြင့် ဖမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ရသည်။ ထို့နောက် ညဉ်းပန်းနှိပ်စက်ခံရခြင်းကြောင့် ကျဆုံးသွားခဲ့ကြောင်း သိရှိရသည်။ အကြမ်းဖက်စစ်အုပ်စုမှ ၚင်း၏ရုပ်အလောင်းအား လာရောက်ယူဆောင်ရန် မိသားစုအား အကြောင်းကြားခဲ့ကြောင်း သိရှိရသည်။
၇၄၈	နောင်နောင်	ကျား	၄၀	ဦးမောင်လင်း	၁၂ မေ ၂၁	၁၂ မေ ၂၁	အရပ်သား	ကွန်းတောင်းရွာတိုက်ပွဲတွင်ကျဆုံး	ခမိတ်ကျေးရွာ	တမူး	စစ်ကိုင်း	ကွန်းတောင်းရွာအတွင်းအကြမ်းဖက်စစ်အုပ် စုမှ ဝင်ရောက်ရမ်းကားနေခြင်းအား ခုခံကာကွယ်ရင်း ကျဆုံးသွားပါသည်။
၇၄၉	Salai Thang Hung Thang ဆလိုင်းထန်ဟွန်းထန်	ကျား		အမည်မသိ	၁၃ မေ ၂၁	၁၃ မေ ၂၁	ကျောင်းသား	မင်းတပ်		မင်းတပ်	ချင်း	
၇၅၀	စိန်ဝင်း	ကျား	၆၀	အမည်မသိ	၁၄ မေ ၂၁	၁၄ မေ ၂၁	ကဗျာဆရာ	စက်မှုဇုန် (မုံရွာ)		မုံရွာ	စစ်ကိုင်း	ကဗျာဆရာတဦးဖြစ်ပြီး ရိုးရှင်းစွာနေထိုင်တတ်သူတဦးလည်းဖြစ်သ ည်။ အကြမ်းဖက်စစ်အုပ်စုဝင်များမှ ဓါတ်ဆီလောင်း၍ မီးရှို့ကာလုပ်ကြံသတ်ဖြတ်ခြင်းကြောင့် ကျဆုံးခဲ့ရပါသည်။

၇၅၁	ဝေဖြိုးသန့်	ကျား		အမည်မသိ	၁၄ မေ ၂၁	၁၄ မေ ၂၁	လ/ထ လျှပ်စစ်အင်ဂျင်နီယာ	မင်းတပ်		မင်းတပ်	ချင်း	လျှပ်စစ်လက်ထောက်အင်ဂျင်နီယာ တဦးဖြစ်ပြီး မင်းတပ်မြို့တွင်းသို့ အကြမ်းဖက်စစ်အုပ်စုမှ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် တာဝန်ထမ်းဆောင်နေသည့် ကိုဝေဖြိုးသန့် ကျဉ်သင့်ဒါဏ်ရာများဖြင့် ကျဆုံးသွားပါသည်။
၇၅၂	ကျော်ကျော်	ကျား	၄၂	အမည်မသိ	၁၄ မေ ၂၁ တွင်းဖမ်းဆီး	၁၆ မေ ၂၁	အရပ်သား	စစ်ကြောရေးစခန်း	၅၆ ရပ်ကွက်	တောင်ဒဂုံ	ရန်ကုန်	တောင်ဒဂုံ ၅၆ ရပ်ကွက်တွင် မေလ ၁၄ ရက်နေ့က ဝင်ရောက်ဖမ်းဆီးခေါ်ဆောင်သွားပြီး ၂ ရက်အကြာ မေလ ၁၆ ရက်နေ့တွင် ညှဉ်းပန်းနှိပ်စက်ထားသည့် ဒါဏ်ရာများဖြင့် ကျဆုံးနေပါသည်။ ဆေးစာတွင် ရောဂါအခံဖြင့် သေဆုံးကြောင်း အကြမ်းဖက်အုပ်စုမှ ထုတ်ပြန်ထားပါသည်။
၇၅၃	Pa Go Sian Mung ဂိုဆင်မောင်	ကျား	၂၆	အမည်မသိ	၁၆ မေ ၂၁	၁၆ မေ ၂၁	အရပ်သား	လမ်းပေါ်တွင်ပစ်ခတ်ခံရ		တီးတိန်	ချင်း	ရပ်ကွက်အတွင်းဆိုင်ကယ်ဖြင့်သွားလာနေစဉ် အကြမ်းဖက်စစ်အုပ်စုမှ ပစ်ခတ်သတ်ဖြတ်မှုကြောင့် ကျဆုံးသွားပါသည်။
၇၅၄	အောင်ကျော်မိုး	ကျား	၃၀	ဦးမြသောင်း	၁၇ မေ ၂၁	၁၇ မေ ၂၁	အရပ်သား	မြို့သစ် (ခ) ရပ်ကွက်	မြို့သစ် (ခ) ရပ်ကွက်	ဒိုက်ဦး	ပဲခူး	မေလ ၁၇ ရက်နေ့ ည ၇ နာရီအချိန်တွင် ပဲခူးတိုင်း ဒိုက်ဦးမြို့နယ်၊ မြို့သစ် (ခ) ရပ်ကွက်အတွင်းသို့ အကြမ်းဖက်စစ်အုပ်စုမှ ဝင်ရောက်ပစ်ခတ်စဉ် သေနတ်ဒါဏ်ရာအမြောက်အမြားရရှိပြီး ကျဆုံးသွားပါသည်။
၇၅၅	ထက်ဇော်လင်း (ခ) ဉာဏ်စူး	ကျား	၂၆	ဦးအောင်စိုး	၁၇ မေ ၂၁	၁၇ မေ ၂၁	အရပ်သား	အေသင်စားသောက်ဆိုင်	အမှတ် ၆၃၊ ကလျာဏီရပ်ကွက်၊ ကလျာဏီ ၁ လမ်း	ပဲခူး	ပဲခူး	ပဲခူးမြို့ ဘုရင့်နောင်လမ်းပေါ်ရှိ အေသင်စားသောက်ဆိုင်အား အကြမ်းဖက်စစ်အုပ်စုမှ ဝင်ရောက်စီးနင်းစဉ် ပစ်ခတ်ခံရသဖြင့် ကိုထက်ဇော်လင်း (ခ) ဉာဏ်စူး မှာဒါဏ်ရာများဖြင့်ဖမ်းဆီးခံရပြီး နာရီပိုင်းအကြာတွင် ကျဆုံးသွားကြောင်း မိသားစုဝင်များထံသို့ အကြောင်းကြားလာပါသည်။

၇၅၆	ငွေသိန်း	ကျား	၃၀	အမည်မသိ	၁၈ မေ ၂၁	၁၉ မေ ၂၁	အရပ်သား	အမှတ် ၅ အခြေခံပညာကျောင်းအနီး		ပြည်	ပဲခူး	မေလ ၁၈ ရက်နေ့ ည ၇ နာရီခွဲခန့်တွင် ဆိုင်ကယ်ဖြင့်သွားလာနေစဉ် အကြမ်းဖက်စစ်အုပ်စုမှ ပစ်ခတ်ဖမ်းဆီးခဲ့ပြီး ၁၉ မေ ၂၀၂၁ နေ့နံနက်တွင် မိသားစုအား အလောင်းလာယူရန် အကြောင်းကြားလာသဖြင့် မိသားစုမှ သွားရောက်ထုတ်ယူလာပါသည်၊
၇၅၇	ခင်မောင်ကြည်	ကျား		အမည်မသိ	၁၉ မေ ၂၁	၁၉ မေ ၂၁	စည်သာကျေးရွာ အုပ်ချုပ်ရေးမှူး ဟောင်း	စစ်ကြောရေးစခန်း	စည်သာကျေးရွာ	တောင်တွင်းကြီး	မကွေး	ဦးခင်မောင်ကြည်မှာ ယခင် စည်သာကျေးရွာအုပ်ချုပ်ရေးမှူးဟောင်းဖြစ် ပြီး အကြမ်းဖက်စစ်အုပ်စုမှ အခြားရွာသားများနှင့်အတူ ဖမ်းဆီးစစ်ဆေးစဉ် ညှဉ်းပန်းနှိပ်စက်ခံရသည့် ဒဏ်ရာများဖြင့် ကျဆုံးသွားပါသည်။
၇၅၈	အောင်ကြီး	ကျား		အမည်မသိ	၁၉ မေ ၂၁	၁၉ မေ ၂၁	အရပ်သား	နေအိမ်ရှေ့	ဥ သျှစ်ပင် မြို့	ပန်းတောင်း	ပဲခူး	မေလ ၁၉ ရက်နေ့ မွန်းလွဲ ၂ နာရီတွင် အကြမ်းဖက် စစ်အုပ်စု၀င် များသည် လဲကျေးရွာအတွင်းသို့ သေနတ်များ ပစ်ဖောက်၍ ဝင်လာစဉ် ဆိုင်ကယ်ပြင်ဆရာ ဦးအောင်ကြီးမှာ ၀မ်းဗိုက်ကျဉ်ထိမှန်ကျဆုံးသွားပါသည်။
၇၅၉	Lian Muan Sang လျန်မွမ်ဆန်	ကျား	10	Nu Niang Khan Cing + Pa Kham Sian Khai	၁၉ မေ ၂၁	၁၉ မေ ၂၁	အရပ်သား	လွယ်ဘွားရပ်ကွက်		တီးတိန်	ချင်း	ချင်းပြည်နယ်၊ တီးတိန်မြို့၊ လွယ်ဘွားလ်ရပ်ကွက် အ.ထ.က ၂ ကျောင်းအနီးမှာ ယနေ့ မေ (၁၉) ရက်နေ့ ညနေ ၅:၂၀ အချိန်ခန့်တွင် ပေါက်ကွဲမှုဖြစ်ပွားရာ အသက် ၁၀နှစ်အရွယ် ကလေး လျန်မွမ်ဆန်(Lian Muan Sang) ဒဏ်ရာအပြင်းအထန်ရရှိပြီး အကြမ်းဖက်စစ်အုပ်စုမှ ဆေးကုသခွင့်မပေးသဖြင့် ကျဆုံးသွားပါသည်။

၇၆၀	ဆွေလှိုင်ထွန်း	ကျား	၁၉	အမည်မသိ	၂၀ မေ ၂၁	၂၀ မေ ၂၁	အရပ်သား	အောင်ရတနာ (၁) ရပ်ကွက်		ရွှေဘို	စစ်ကိုင်း	အောင်ရတနာရပ်ကွက် (၁) အတွင်းလမ်းလျောက်သွားလာနေစဉ် အကြမ်းဖက်စစ်အုပ်စုနှင့်တွေ့၍ ရှောင်ပုန်းစဉ်လိုက်လံရိုက်နှက်ဖမ်းဆီးခံရပြီး ဝမ်းဗိုက်သို့ သေနတ်ဖြင့်ပစ်ခတ်ခံရပြီး ကျဆုံးသွားပါသည်။
၇၆၁	ခိုင်နေ	ကျား		အမည်မသိ	၂၀ မေ ၂၁	၂၀ မေ ၂၁	စည်ပင်ဝန်ထမ်း (CDM)			မင်းတပ်	ချင်း	ကိုခိုင်နေမှာ စည်ပင်ဝန်ထမ်းတဦးဖြစ်ပြီး CDM ပြုလုပ်နေသူတဦးလည်းဖြစ်ပါသည်။ စစ်ရှောင်သည့်နေရာမှ မင်းတပ်ရှိအိမ်သို့ အသုံးအဆောင်များပြန်လည်ယူဆောင်ရန် ထွက်ခွာလာစဉ် အကြမ်းဖက်စစ်အုပ်စုမှ ပစ်ခတ်သတ်ဖြတ်ခြင်းကြောင့် ကျဆုံးခဲ့ပါသည်။
၇၆၂	မောင်မောင်ဦး	ကျား	၂၀	အမည်မသိ	၂၂ မေ ၂၁	၂၂ မေ ၂၁	အရပ်သား	ဒေါ်တဝိရွာ	ဒေါ်တဝိရွာ	ဒီမောဆိုး	ကယား	စစ်ရှောင်များအတွက် ရိက္ခာများသွားရောက်ယူဆောင်စဉ် အကြမ်းဖက်စစ်အုပ်စုမှ ပစ်ခတ်သတ်ဖြတ်ပြီး ရုပ်အလောင်းအား သိမ်းဆည်းသွားပါသည်။
၇၆၃	Buu Ri	ကျား	၁၉	အမည်မသိ	၂၂ မေ ၂၁	၂၂ မေ ၂၁	အရပ်သား	ဒေါ်တဝိရွာ	ဒေါ်တဝိရွာ	ဒီမောဆိုး	ကယား	စစ်ရှောင်များအတွက် ရိက္ခာများသွားရောက်ယူဆောင်စဉ် အကြမ်းဖက်စစ်အုပ်စုမှ ပစ်ခတ်သတ်ဖြတ်ပြီး ရုပ်အလောင်းအား သိမ်းဆည်းသွားပါသည်။
၇၆၄	မျိုး (ခ) မျိုးသန့်ထွေး	ကျား		အမည်မသိ	၂၂ မေ ၂၁	၂၂ မေ ၂၁	အရပ်သား	ထန်းတပင်	ထန်းတပင်	တောင်ငူ	ပဲခူး	တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်အတွင်းတွင် မေလ ၂၂ ရက်နေ့ ည ၈ နာရီ ၃၀ မိနစ်က ဗုံးပေါက်ကွဲမှုကြောင့် အကြမ်းဖက်စစ်ကောင်စီတပ်များက ပြည်သူများ နေထိုင်သော ရပ်ကွက်များသို့ ရုံးကားပစ်ခတ်သဖြင့် ဦးမျိုးမှာ ဝမ်းဗိုက်သို့သေနတ်ကျည်ဆံဖောက်ဝင်ကျဆုံး သွားပါသည်။

၇၆၅	စိုးမိုးလှိုင် (ခ) ကိုမဲကြီး	ကျား	၅၅	အမည်မသိ	၂၂ မေ ၂၁ ဖမ်းဆီးခံရ	၂၄ မေ ၂၁	နိုင်ငံရေးအကျဉ်းသားဟောင်း	စစ်ကြောရေးစခန်း	ဘုရားကြီးကျေးရွာ	ပဲခူး	ပဲခူး	မေလ ၂၂ ရက်နေ့တွင် ပဲခူးမြို့နယ်ဘုရားကြီး ဓောင်းတူတွင်ဖမ်းဆီးခံရပြီး စစ်ကြောရေးစခန်းတွင် ညှဉ်းပန်းနှိပ်စက်မှုဒါဏ်ကြောင့် မေလ ၂၃ ရက်နေ့တွင် သတိလစ်မေ့မြောနေပြီး ၂၄ ရက်နေ့ ညနေတွင် ကျဆုံးသွားပါသည်။
၇၆၆	လှထိုက်	ကျား		အမည်မသိ	၂၃ မေ ၂၁	၂၃ မေ ၂၁	အရပ်သား		ကုန်းသာကျေးရွာ	လှိုင်ကော်	ကယား	ကယားပြည်နယ်ကုန်းသာရွာအတွင်း ဆိုင်ကယ်ဖြင့်သွားလာနေစဉ် အကြမ်းဖက်စစ်အုပ်စုမှ ပစ်ခတ်သတ်ဖြတ်မှုကြောင့် ဝမ်းဗိုက်သို့ကျဉ်ဆံဖောက်ဝင်ဒါဏ်ရာဖြင့် ကျဆုံးသွားပါသည်။
၇၆၇	ဖိုးတုတ် (ခ) မျိုးခိုင်ထွန်း	ကျား	၄၄	ဦးတော	၂၃ မတ် ၂၁ ဖမ်းဆီးခံရ	၂၁ မေ ၂၁	ပြင်ပဘော်ဒါဆောင်ကျောင်းအုပ်	မကွေးထောင်		မြို့သစ်	မကွေး	မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်မှ ပြင်ပဘော်ဒါဆောင်ကျောင်းအုပ်တယောက် ဖြစ်ပြီး နွေဦးတော်လှန်ရေး သပိတ်တွင်ပါဝင်မှုကြောင့် မတ်လ ၂၃ ရက်နေ့တွင် ပုဒ်မ ၅၀၅(က) ဖြင့်ဖမ်းဆီးတရားစွဲခံရပြီး မကွေးထောင်တွင် ချုပ်နှောင်ထားပါသည်။ မေလ ၂၁ ရက်နေ့ မကွေးအကျဉ်းထောင်တွင်း ရုံးထုတ်စဉ် ပုံစံထိုင်ခိုင်းသည့်အချိန်တွင် မူးလဲ၍ ကျဆုံးသွားပါသည်။)
၇၆၈	ဖိုးဆွေ	ကျား	၃၅	အမည်မသိ	၂၃ မေ ၂၁	၂၃ မေ ၂၁	အရပ်သား	မြောင်းကုန်းကျေးရွာ	မြောင်းကုန်းကျေးရွာ	ကနီ	စစ်ကိုင်း	စစ်ကိုင်းတိုင်းဒေသကြီး ကနီနယ်အတွင်း မြောင်းကုန်းရွာအတွင်း အကြမ်းဖက်စစ်ကောင်စီတပ်မှ ဝင်ရောက်ပစ်ခတ်မှုကြောင့် ဦးခေါင်းသို့ပစ်ခတ်ခံရပြီး ကျဆုံးသွားပါသည်။

၇၆၉	ဆန်းထွန်းအောင်ရွှေလှိုင် (ခ) နဂါးလေး	ကျား		အမည်မသိ	၂၃ မေ ၂၁	၂၄ မေ ၂၁	အရပ်သား	မြောက်ဒဂုံ ဖူဆယ်ဘောလုံးကွင်း		မြောက်ဒဂုံ	ရန်ကုန်	၂၃ ရက်နေ့ မြောက်ဒဂုံပစ်ခတ်မှုဖြစ်စဉ်တွင် အကြမ်းဖက်စစ်အုပ်စုမှ ဘောလုံးကွင်းအတွင်းသို့ ဝင်ရောက်ပစ်ခတ်သဖြင့် ဘောလုံးကစားသူများထဲမှ ကိုဆန်းထွန်းအောင်ရွှေလှိုင် (ခ) နဂါးလေးမှာ ပစ်ခတ်ဖမ်းဆီးခံရပြီး ၂၄ ရက်နေ့တွင် ကျဆုံးသွားပါသည်။
၇၇၀	ဇေယျာဝင်း	ကျား	၃၆	အမည်မသိ	၂၃ မေ ၂၁	၂၃ မေ ၂၁	အရပ်သား		ဘုရားငါးဆူကန် ကျေးရွာ	မြို့သစ်	မကွေး	၃၀ ရက်ညက မြန်မာ့စီးပွားရေးဘဏ် ဗုံးပေါက်ကွဲမှုနဲ့ ပတ်သက်ပြီး စစ်တပ်က သေနတ်နဲ့ ပစ်ခတ်မှုကြောင့် နောက်ကျောကနေရင်ဘတ်ကိုဖောက်ထွက် သွားသည့် ကျဉ်ဆံဒါဏ်ရာဖြင့် မကွေးဆေးရုံသို့ပို့စဉ် ကျဆုံးသွားပါသည်။
၇၇၁	အောင်သန်းဦး	ကျား		အမည်မသိ	၂၃ မေ ၂၁	၂၃ မေ ၂၁	အရပ်သား			Bawlakhae	ကယား	ငါးများပြီးအပြန် အကြမ်းဖက်စစ်အုပ်စုမှ ပစ်သတ်သွားပါသည်။
၇၇၂	စိုင်းခမ်းအောင်	ကျား		အမည်မသိ	၂၃ မေ ၂၁	၂၃ မေ ၂၁	အရပ်သား				ကယား	ဝီကင်းခေါ်ခူ ရှမ်းကယားနယ်စပ်တွင် ပစ်သတ်ခံရပြီး ကျဆုံးသွားပါသည်။
၇၇၃	အမည်မသိ	ကျား		အမည်မသိ	၂၄ မေ ၂၁	၂၄ မေ ၂၁	အရပ်သား	ကယန်းသာယာ ဘုရားကျောင်း			ကယား	ကယန်းသာယာဘုရားကျောင်းတွင် စစ်ရှောင်နေစဉ် အကြမ်းဖက်စစ်အုပ်စုမှ ပစ်ခတ်တိုက်ခိုက်သည့် လက်နက်ကျဉ်ဆံ ကျရောက်ပေါက်ကွဲပြီး ကျဆုံးသွားပါသည်။
၇၇၄	အမည်မသိ	မ		အမည်မသိ	၂၄ မေ ၂၁	၂၄ မေ ၂၁	အရပ်သား	ကယန်းသာယာ ဘုရားကျောင်း			ကယား	ကယန်းသာယာဘုရားကျောင်းတွင် စစ်ရှောင်နေစဉ် အကြမ်းဖက်စစ်အုပ်စုမှ ပစ်ခတ်တိုက်ခိုက်သည့် လက်နက်ကျဉ်ဆံ ကျရောက်ပေါက်ကွဲပြီး ကျဆုံးသွားပါသည်။
၇၇၅	အမည်မသိ	မ		အမည်မသိ	၂၄ မေ ၂၁	၂၄ မေ ၂၁	အရပ်သား	ကယန်းသာယာ ဘုရားကျောင်း			ကယား	ကယန်းသာယာဘုရားကျောင်းတွင် စစ်ရှောင်နေစဉ် အကြမ်းဖက်စစ်အုပ်စုမှ ပစ်ခတ်တိုက်ခိုက်သည့် လက်နက်ကျဉ်ဆံ ကျရောက်ပေါက်ကွဲပြီး ကျဆုံးသွားပါသည်။

၇၇၆	အမည်မသိ	မ		အမည်မသိ	၂၄ မေ ၂၁	၂၄ မေ ၂၁	အရပ်သား	ကယန်းသာယာ ဘုရားကျောင်း			ကယား	ကယန်းသာယာဘုရားကျောင်းတွင် စစ်ရှောင်နေစဉ် အကြမ်းဖက်စစ်အုပ်စုမှ ပစ်ခတ်တိုက်ခိုက်သည့် လက်နက်ကျဉ်ဆံ ကျရောက်ပေါက်ကွဲပြီး ကျဆုံးသွားပါသည်။
၇၇၇	မင်းမင်း	ကျား	၃၉	အမည်မသိ	၂၄ မေ ၂၁ ဖမ်းဆီးခံရ	၂၅ မေ ၂၁	အရပ်သား	စစ်ကြောရေးစခန်း	မြို့သာရပ်ကွက်	ကလေး	စစ်ကိုင်း	စစ်ကိုင်းတိုင်း၊ ကလေးမြို့၊ မြို့သာရပ်ကွက်၊ စိတ်ထားမကျိုင် ဆိုင်ကယ်ပြင်ဆိုင်မှ ကိုမင်းမင်းကို မေလ ၂၄ရက်နေ့ နေ့လယ်ပိုင်းမှာ စစ်ကောင်စီတပ်ဖွဲ့ဝင်တွေက ဖမ်းဆီးသွားပြီး ဒီနေ့ မေလ ၂၅ ရက်နေ့ မနက်ပိုင်းမှာတော့ အလောင်းလာထုတ်ဖို့ မိသားစုဝင်တွေကို အကြောင်းကြားခဲ့သည်။
၇၇၈	ဆောင်းနှင်းမှုန်	မ	၂၇	ဦးမောင်မြင့်	၂၅ မေ ၂၁	၂၅ မေ ၂၁	အရပ်သား	တော်စိမ့်ကျေးရွာ	တော်စိမ့်ကျေးရွာ	စလင်း	မကွေး	မကွေးတိုင်း စလင်းကြီးမြို့နယ် တော်ဆင့်ကျေးရွာတွင် ကျောင်းမတက်ရေးလှုပ်ရှားသည့် စာရွက်များကပ်သည်ဟုဆိုကာ ရွာအုပ်ချုပ်ရေးမှူးမှ အကြမ်းဖက်စစ်အုပ်စုအား ခေါ်ယူပစ်ခတ်ခိုင်းသဖြင့် စစ်တပ်မှဝင်ရောက်ပစ်ခတ်သဖြင့် ဦးခေါင်းကျဉ်ဆံထိမှန်ကျဆုံးသွားပါသည်။
၇၇၉	ရဲလင်းထွန်း	ကျား		အမည်မသိ	၂၅ မေ ၂၁	၂၅ မေ ၂၁	အရပ်သား	၅ ရပ်ကွက်	၅ ရပ်ကွက်	သာကေတ	ရန်ကုန်	ရဲလင်းထွန်းအား အကြမ်းဖက်စစ်အုပ်စုမှ အမှတ် ၅ ရပ်ကွက်သာကေတမြို့နယ်တွင် ၂၅ ရက်နေ့ နံနက် ၅ နာရီအချိန်တွင် ပစ်ခတ်သတ်ဖြတ်ခဲ့ပြီးနောက် လက်ပစ်ဗုံးနှင့် ဓါးအားအလောင်း၏ ဘေးတွင်ချကာ ပြန်လည်ခုခံမှုကြောင့် သတ်ဖြတ်ပစ်ကြောင်း လုပ်ကြံထုတ်လွှင့်ခဲ့ပါသည်။
၇၈၀	အမည်မသိ	ကျား		အမည်မသိ	၂၅ မေ ၂၁	၂၅ မေ ၂၁	အရပ်သား	နေအိမ်အတွင်း			ကယား	ဒေါပိုးစီ ကျေးရွာအတွင်း အကြမ်းဖက်စစ်အုပ်များမှ နေအိမ်အတွင်းသို့ဝင်ရောက်ရိုက်သတ်သဖြင့် ကျဆုံးသွားပါသည်။

၇၈၁	အမည်မသိ	မ		အမည်မသိ	၂၆ မေ ၂၁	၂၆ မေ ၂၁	အရပ်သား	လမ်းပေါ်တွင်ပစ်ခတ်ခံရ			ကယား	ဒီမောဆိုးမြို့တွင် ဆိုင်ကယ်စီးနင်းနေစဉ် အကြမ်းဖက်စစ်အုပ်စုမှ ပစ်ခတ်သတ်ဖြတ်မှုကြောင့် ကျဆုံးပါသည်။
၇၈၂	အမည်မသိ	ကျား		အမည်မသိ	၂၆ မေ ၂၁	၂၆ မေ ၂၁	အရပ်သား	မြင်းလှည်းဂိတ်မှတ်တိုင်းအနီး		ရွှေပြည်သာ	ရန်ကုန်	ရန်ကုန်တိုင်း၊ ရွှေပြည်သာ မြို့နယ်တွင် အကြမ်းဖက်စစ်ကောင်စီတပ်များက ယနေ့ နံနက် ၉ နာရီတွင် ဆိုင်ကယ် စီးနင်းလာသော ပြည်သူတစ်ဦးကို အကြောင်းမဲ့ပစ်သတ်ပြီး အလောင်းအား သယ်ဆောင်သွားပါသည်။
၇၈၃	အာလဖတ်လုဒ္	ကျား		အမည်မသိ	၂၇ မေ ၂၁	၂၇ မေ ၂၁	အရပ်သား	ဒေါင်ခါးရုပ်ကွက်	ဒေါင်ခါးရုပ်ကွက်	ဒီမောဆိုး	ကယား	စစ်ဘေးရှောင်များအတွက် စားနပ်ရိက္ခာများအား ပြန်လည်သယ်ဆောင်စဉ် အကြမ်းဖက်စစ်အုပ်စုမှ ပစ်ခတ်သတ်ဖြတ်မှုကြောင့် ကျဆုံးခဲ့ပါသည်။
၇၈၄	ပက်ထရစ်ဘိုးရယ်	ကျား		အမည်မသိ	၂၇ မေ ၂၁	၂၇ မေ ၂၁	အရပ်သား	ဒေါင်ခါးရုပ်ကွက်	ဒေါင်ခါးရုပ်ကွက်	ဒီမောဆိုး	ကယား	စစ်ဘေးရှောင်များအတွက် စားနပ်ရိက္ခာများအား ပြန်လည်သယ်ဆောင်စဉ် အကြမ်းဖက်စစ်အုပ်စုမှ ပစ်ခတ်သတ်ဖြတ်မှုကြောင့် ကျဆုံးခဲ့ပါသည်။
၇၈၅	ဆန်းဒေးအေး	ကျား	၁၄	အမည်မသိ	၂၇ မေ ၂၁	၂၇ မေ ၂၁	အရပ်သား	ကယန်းသာယာ၊ သပြေကုန်း	ကယန်းသာယာ၊ သပြေကုန်း	လွိုင်ကော်	ကယား	အကြမ်းဖက်စစ်အုပ်စု၏ တပ်များ ရွာအတွင်းဝင်လာချိန်၌ ကြောက်လန့်၍ ထွက်ပြေးသည့် အသက် ၁၄ နှစ်အရွယ် ကလေးငယ်အား ဦးခေါင်းပွင့်သည်အထိ ပစ်သတ်ခဲ့သဖြို့ ကျဆုံးသွားပါသည်။
၇၈၆	မြင့်လွင်ဦး (ခ) အီစာ	ကျား	၄၄	အမည်မသိ	၂၇ မေ ၂၁	၂၇ မေ ၂၁	အရပ်သား	ဆန်စက်လမ်း၊ ကြက်စာပြင်ရုပ်ကွက်	ကြက်စာပြင်ရုပ်ကွက်၊ ဆန်စက်လမ်း	ထားဝယ်	တနင်္သာရီ	တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ကြက်စားပြင်ရုပ်ကွက်၌ အကြမ်းဖက်စစ်အုပ်စု၏ တပ်များမှ သေနတ်ဖြင့် အချက်ပေါင်းများစွာ ရမ်းကား ပစ်ခတ်ခဲ့ခြင်းကြောင့် အမျိုးသား တစ်ဦး ကျည်ထိမှန် ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိထားသော အဆိုပါအမျိုးသားကို ကားဖြင့် တင်ကာ ခေါ်ဆောင်သွားခဲ့ပြီး ကျဆုံးသွားပါသည်။

၇၈၇	စောမင်းနိုင်ဦး	ကျား	၃၃	အမည်မသိ	၂၈ မေ ၂၁	၂၈ မေ ၂၁	ကျောင်းဆရာ	ရဲလှရွာ	ရဲလှရွာ	ဂန့်ဂေါ	မကွေး	ကလေးမြို့မှ ဂန့်ဂေါမြို့သို့ အကြမ်းဖက် စစ်အုပ်စုတပ်များက ထောက်ပို့ကားများဖြင့် သွားရောက်ပြီး အပြန်တွင် ရဲလှရွာသို့ ဝင်ရောက်ပစ်ခတ်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူများ ကျဉ်ဆံထိမှန်ကျဆုံးသွားပါသည်။
၇၈၈	ပုအေး	ကျား	၅၅	အမည်မသိ	၂၈ မေ ၂၁	၂၈ မေ ၂၁	အရပ်သား	ရဲလှရွာ	ရဲလှရွာ	ဂန့်ဂေါ	မကွေး	ကလေးမြို့မှ ဂန့်ဂေါမြို့သို့ အကြမ်းဖက် စစ်အုပ်စုတပ်များက ထောက်ပို့ကားများဖြင့် သွားရောက်ပြီး အပြန်တွင် ရဲလှရွာသို့ ဝင်ရောက်ပစ်ခတ်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူများ ကျဉ်ဆံထိမှန်ကျဆုံးသွားပါသည်။
၇၈၉	ဖိုးဖြူ	ကျား	၃၀	အမည်မသိ	၂၈ မေ ၂၁	၂၈ မေ ၂၁	အရပ်သား	ရဲလှရွာ	ရဲလှရွာ	ဂန့်ဂေါ	မကွေး	ကလေးမြို့မှ ဂန့်ဂေါမြို့သို့ အကြမ်းဖက် စစ်အုပ်စုတပ်များက ထောက်ပို့ကားများဖြင့် သွားရောက်ပြီး အပြန်တွင် ရဲလှရွာသို့ ဝင်ရောက်ပစ်ခတ်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူများ ကျဉ်ဆံထိမှန်ကျဆုံးသွားပါသည်။
၇၉၀	ထက်အောင် (ခ) အောင်ဇေယျာလင်း	ကျား	၂၀	အမည်မသိ	၂၈ မေ ၂၁	၂၈ မေ ၂၁	သရုပ်ဆောင် မော်ဒယ်	အင်းစိန်ပေါက်တော၀	အင်းစိန်ပေါက်တော၀၊ ကမ်းနားအလယ်လမ်း၊	အင်းစိန်	ရန်ကုန်	အင်းစိန်ပေါက်တောဝဝလမ်းပေါ်တွင် ဆိုင်ကယ်ဖြင့်ပြန်လာစဉ် ဆိုင်ကယ်အားတာဆီးရာမှ မရပ်ပေးသဖြင့် အကြမ်းဖက်စစ်အုပ်စုမှ ကားဖြင့်လိုက်တိုက်သတ်၍ ကျဆုံးပါသည်။
၇၉၁	ဇော်မျိုးဟန် (ခ) သားငယ်	ကျား		အမည်မသိ	၂၈ မေ ၂၁	၂၈ မေ ၂၁	အရပ်သား	တမူးမြို့မြေနီကုန်းလမ်း အနီး	မြေနီကုန်းလမ်း	တမူး	စစ်ကိုင်း	သူငယ်ချင်းအိမ်မှပြန်လာစဉ် အကြမ်းဖက်စစ်ကောင်စီတပ်များ၏ ပုန်းကွယ်ပစ်ခတ်မှုကြောင့် နံရိုးကြားကျဉ်ဆံထိမှန်ကာ ကျဆုံးသွားပါသည်။

၇၉၂	ဖရေရုယ်	ကျား		အမည်မသိ	၂၉ မေ ၂၁	၂၉ မေ ၂၁	ယခင်ဆယ်အိမ်မှူးဟောင်း	ရပ်ကျေးအတွင်းဝင်ရောက်ပစ်ခတ်	နာနတ်တော်ရပ်ကွက်	လွိုင်ကော်	ကယား	ယခင်ဆယ်အိမ်မှူးဟောင်းတယောက်ဖြစ်ပြီး စစ်ဘေးရှောင်ပြည်သူများအား စားနပ်ရိက္ခာများချက်ပြုတ်ကျွေးမွေးရာတွင် လုပ်အားပေးလုပ်ဆောင်နေပြီး အကြမ်းဖက်စစ်အုပ်စုမှ ဝင်ရောက်ပစ်ခတ်သဖြင့် သေနတ်ဒါဏ်ရာများဖြင့် ကျဆုံးသွားသည်။
၇၉၃	ဆန်းပို	မ	၄၆	အမည်မသိ	၂၉ မေ ၂၁	၃၀ မေ ၂၁	အရပ်သား	ချောင်းဝပြင်ကျေးရွာအတွင်း ပစ်ခတ်ဖမ်းဆီးခံရ	သင်ဘောဆိပ် ကျေးရွာအုပ်စု၊ ချောင်းဝပြင်ကျေးရွာ	လောင်းလုံ	တနင်္သာရီ	၂၉ ရက် မေ ၂၀၂၁ နေ့တွင် တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် ချောင်းဝပင်ကျေးရွာသို့ အကြမ်းဖက်စစ်ကောင်စီတပ်များ ဝင်ရောက်ပစ်ခတ်ဖမ်းဆီးသွားပြီး မေလ ၃၁ ရက်နေ့တွင် ကျဆုံးသူများ၏ အလောင်းအား ဓါတ်ပုံပေးပို့အသိပေးခဲ့ပါသည်။ အလောင်းများအားမိသားစုသို့ ပြန်လည်ပေးပို့ခြင်းမရှိခဲ့ပါ။
၇၉၄	အေးချို	မ	၂၉	အမည်မသိ	၂၉ မေ ၂၁	၃၀ မေ ၂၁	အရပ်သား	ချောင်းဝပြင်ရွာအတွင်း ပစ်ခတ်ဖမ်းဆီးခံရ	သင်ဘောဆိပ် ကျေးရွာအုပ်စု၊ ချောင်းဝပြင်ကျေးရွာ	လောင်းလုံ	တနင်္သာရီ	၂၉ ရက် မေ ၂၀၂၁ နေ့တွင် တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် ချောင်းဝပင်ကျေးရွာသို့ အကြမ်းဖက်စစ်ကောင်စီတပ်များ ဝင်ရောက်ပစ်ခတ်ဖမ်းဆီးသွားပြီး မေလ ၃၁ ရက်နေ့တွင် ကျဆုံးသူများ၏ အလောင်းအား ဓါတ်ပုံပေးပို့အသိပေးခဲ့ပါသည်။ အလောင်းများအားမိသားစုသို့ ပြန်လည်ပေးပို့ခြင်းမရှိခဲ့ပါ။
၇၉၅	မိုးမြင့်အောင်	ကျား	၂၇	အမည်မသိ	၃၀ မေ ၂၁	၃၀ မေ ၂၁	အရပ်သား	နေအိမ်အတွင်းဝင်ဖမ်းရာတွင် ပစ်ခတ်ဖမ်းဆီး	ပုဂံမြို့သစ်	ညောင်ဦး	မန္တလေး	မိုးမြင့်အောင်အား အကြမ်းဖက်စစ်အုပ်စုမှ ဝင်ရောက်ဖမ်းဆီးစဉ် နေအိမ်တခါးအားကန်ကြောက်ဖွင့်လှစ်ပြီး သေနတ်ဖြင့်ပစ်ခတ်မှုကြောင့် ဝမ်းဗိုက်တွင်ကျဉ်ဆံဖောက်ဝင်ဒါဏ်ရာဖြင့် ကျဆုံးပါသည်။

၇၉၆	ဝေလင်းအောင်	ကျား	၂၉	အမည်မသိ	၃၀ မေ ၂၁	၃၀ မေ ၂၁	အရပ်သား	ကျေးရွာလမ်းပေါ်တွင်ပစ်ခတ်ခံရပါသည်	လောပိတကျေးရွာ	လွိုင်ကော်	ကယား	ကယားပြည်နယ် ကျောက်တောင်ကျေးရွာမှ လောပိတကျေးရွာ သို့ကျေးရွာသို့ ဆိုင်ကယ်ဖြင့်ပြန်လာစဉ် အကြမ်းဖက်စစ်အုပ်စု တပ်မ ၇၂ မှ စစ်ဆေးမေးမြန်းခြင်းမပြုပဲ ပစ်ခတ်သတ်ဖြတ်မှုကြောင့် သေနတ်ဒါဏ်ရာဖြင့် ဖမ်းဆီးခံရပြီး နောက် မေ ၃၁ ရက်တွင်အလောင်းပြန်အား မိသားစုသို့ပြန်လည်ပေးအပ်ခဲ့ပါသည်။
၇၉၇	ဒီကို	ကျား	၁၉	အမည်မသိ	၂ ဇွန် ၂၁	၂ ဇွန် ၂၁	အရပ်သား		မိုးဖြဲ	ဖယ်ခုံ	ရှမ်း	ရှမ်းပြည်နယ်နှင့်ကယားပြည် နယ်စပ် မိုးဖြဲတွင် အကြမ်းဖက်စစ်ကောင်စီမှ အပြစ်မဲ့ပြည်သူ ၂ ဦးအား စနိုက်ပါဖြင့်ပစ်ခတ်ခဲ့ရာမှ မောင်ဒီကို နဖူးတည့်တည့်ကျဉ်ထိမှန်ပြီး ကျဆုံးသွားပါသည်။ အလောင်းအားပြန်လည်ပေးအပ်ပါသည်။
၇၉၈	မျိုးဇော်ဇော်	ကျား	၃၂	အမည်မသိ	၂ ဇွန် ၂၁ အဖမ်းခံ	၃ ဇွန် ၂၁	အရပ်သား	ရွှေပြည်သာရဲစခန်း		ရွှေပြည်သာ	ရန်ကုန်	၂ ရက် ဇွန် ၂၀၂၁ နေ့တွင် မင်္ဂလာဒုံစစ်ဆေးရုံဆောက်လုပ်ရေးတွင် သံချဉ်သံကွေးလုပ်ငန်း၀င်ရောက်လုပ်ကိုင်န ေပြီး ရွှေပြည်သာသို့ပြန်လာစဉ် အကြမ်းဖက်စစ်သားများနှင့် ရဲများမှ ဖမ်းဆီးသွားပြီး ၃ ရက်နေ့တွင် ကိုမျိုးဇော်ဇော်မှာ ညှဉ်းပန်းနှိပ်စက်သည့်ဒါဏ်ရာများဖြင့် ကျဆုံးသွားပါသည်။
၇၉၉	ကုလား	ကျား		အမည်မသိ	၃ ဇွန် ၂၁	၃ ဇွန် ၂၁	အရပ်သား		ပိတောက်ကုန်း ရပ်ကွက်	မုံရွာ	စစ်ကိုင်း	စစ်ကိုင်းတိုင်း ဒေသကြီး၊ မုံရွာမြို့၌ ဇွန်လ ၃ ရက်နေ့ ညအချိန်က အကြမ်းဖက် စစ်အုပ်စု၏ တပ်ဖွဲ့ဝင်များမှ ဆိုင်ကယ်ကို စစ်ဆေးရန် တားဆီးရာ ရပ်တန့်ပေးခြင်းမရှိသည့်အတွက် ပစ်ခတ်ခဲ့သောကြောင့် ကျဆုံးသွားခဲ့သည်။

၈၀၀	သော်သော် (ခ) သော်ဇင်	LGBT	၃၇	အမည်မသိ	၄ ဇွန် ၂၁	၄ ဇွန် ၂၁	အရပ်သား	ကျောက်ပန်းတောင်း	အောင်မင်္ဂလာရပ်ကွက်	ကျောက်ပန်းတောင်း	မန္တလေး	၄ ရက် ဇွန် ၂၀၂၁ နေ့တွင် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ ရှိပညာရေးမှူးရုံးတွင် တပ်စွဲထားသော အကြမ်းဖက်စစ်ကောင်စီတပ်မှ ပစ်ခတ်မှုကြောင့် အပစ်မဲ့ပြည်သူ သော်သော် (ခ) သော်ဇင် မှာ ဆိုင်ကယ်ဖြင့်ပြန်လာစဉ် ပစ်ခတ်ခဲ့ရ၍ ကျဆုံးပါသည်။
၈၀၁	သန့်စင်အောင်	ကျား		အမည်မသိ	၅ ဇွန် ၂၁	၅ ဇွန် ၂၁	အရပ်သား	ရွှေညောင်မြို့ ပြည်ထောင်စု လမ်းမကြီးပေါ်		ရွှေညောင်	ရှမ်း	ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် ပြည်ထောင်စုလမ်းမပေါ်တွင် ဆိုင်ကယ်ဖြင့်မောင်းနှင်လာစဉ် အကြမ်းဖက်စစ်ကောင်စီတပ်မှ ကားဖြင့်လိုက်ပစ်ခတ်မှုကြောင့် ကိုသန့်စင်အောင်နှင့် ကိုသိန်းနိုင်တို့ နှစ်ဦး သေနတ်ဒါဏ်ရာများဖြင့် ကျဆုံးသွားပြီး အလောင်းအား အကြမ်းဖက်စစ်ကောင်စီတပ်မှ ယူဆောင်သွားပါသည်။ ကိုခိုင်ဇော်ဝင်းမှာ ရိုက်နှက်ဖမ်းဆီးခံထားရပါသည်။
၈၀၂	သိန်းနိုင်	ကျား		အမည်မသိ	၅ ဇွန် ၂၁	၅ ဇွန် ၂၁	အရပ်သား	ရွှေညောင်မြို့ ပြည်ထောင်စု လမ်းမကြီးပေါ်		ရွှေညောင်	ရှမ်း	ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် ပြည်ထောင်စုလမ်းမပေါ်တွင် ဆိုင်ကယ်ဖြင့်မောင်းနှင်လာစဉ် အကြမ်းဖက်စစ်ကောင်စီတပ်မှ ကားဖြင့်လိုက်ပစ်ခတ်မှုကြောင့် ကိုသန့်စင်အောင်နှင့် ကိုသိန်းနိုင်တို့ နှစ်ဦး သေနတ်ဒါဏ်ရာများဖြင့် ကျဆုံးသွားပြီး အလောင်းအား အကြမ်းဖက်စစ်ကောင်စီတပ်မှ ယူဆောင်သွားပါသည်။ ကိုခိုင်ဇော်ဝင်းမှာ ရိုက်နှက်ဖမ်းဆီးခံထားရပါသည်။

၈၀၃	မိုးမင်းဝင်း	ကျား	၄၀	အမည်မသိ	၅ ဇွန် ၂၁	၅ ဇွန် ၂၁	အရပ်သား		လေ့စွဲကျေးရွာ	ကျုံပျော်	ဧရာဝတီ	လေ့စွဲကျေးရွာအတွင်း လက်နက်များရှိသည်ဟု သတင်းပေးတိုင်ကြားသဖြင့် အကြမ်းဖက်စစ်တပ်မှ ဝင်ရောက်ပစ်ခတ်စဉ် အပစ်မဲ့ပြည်သူများ သေနတ်ဒါဏ်ရာများဖြင့် ကျဆုံးသွားပါသည်။
၈၀၄	ကုလား	ကျား	၁၈	ဦးမိုးမင်းဝင်း	၅ ဇွန် ၂၁	၅ ဇွန် ၂၁	အရပ်သား		လေ့စွဲကျေးရွာ	ကျုံပျော်	ဧရာဝတီ	လေ့စွဲကျေးရွာအတွင်း လက်နက်များရှိသည်ဟု သတင်းပေးတိုင်ကြားသဖြင့် အကြမ်းဖက်စစ်တပ်မှ ဝင်ရောက်ပစ်ခတ်စဉ် အပစ်မဲ့ပြည်သူများ သေနတ်ဒါဏ်ရာများဖြင့် ကျဆုံးသွားပါသည်။
၈၀၅	ကောင်းဝေသန့်	ကျား	၂၀	အမည်မသိ	၅ ဇွန် ၂၁	၅ ဇွန် ၂၁	အရပ်သား		လေ့စွဲကျေးရွာ	ကျုံပျော်	ဧရာဝတီ	လေ့စွဲကျေးရွာအတွင်း လက်နက်များရှိသည်ဟု သတင်းပေးတိုင်ကြားသဖြင့် အကြမ်းဖက်စစ်တပ်မှ ဝင်ရောက်ပစ်ခတ်စဉ် အပစ်မဲ့ပြည်သူများ သေနတ်ဒါဏ်ရာများဖြင့် ကျဆုံးသွားပါသည်။
၈၀၆	အမည်စုံစမ်းဆဲ	ကျား		အမည်မသိ	၅ ဇွန် ၂၁	၅ ဇွန် ၂၁	အရပ်သား		လေ့စွဲကျေးရွာ	ကျုံပျော်	ဧရာဝတီ	လေ့စွဲကျေးရွာအတွင်း လက်နက်များရှိသည်ဟု သတင်းပေးတိုင်ကြားသဖြင့် အကြမ်းဖက်စစ်တပ်မှ ဝင်ရောက်ပစ်ခတ်စဉ် အပစ်မဲ့ပြည်သူများ သေနတ်ဒါဏ်ရာများဖြင့် ကျဆုံးသွားပါသည်။
၈၀၇	ရွှေမာကြည်	မ	၂၈	အမည်မသိ	၅ ဇွန် ၂၁	၅ ဇွန် ၂၁	အရပ်သား	ဘန့်ဘွေးကျေးရွာ	ဘန့်ဘွေးကျေးရွာ	ယင်းမာပင်	စစ်ကိုင်း	ဇွန်လ ၅ ရက်နေ့နံနက် ၃ နာရီခန့်တွင် အကြမ်းဖက်စစ်ကောင်စီအဖွဲ့များမှ ရွာအတွင်းဝင်ရောက်ပြီး ပစ်ခတ်မှုများပြုလုပ်စဉ် ရင်ဘတ်သို့ ကျည်ဆံထိမှန်ပြီး ကျဆုံးသွားပါသည်။

၈၀၈	အောင်ကျော်ထွေး	ကျား	၁၇	အမည်မသိ	၆ ဇွန် ၂၁	၆ ဇွန် ၂၁	အရပ်သား			ပြည်ကြီးတံခွန်	မန္တလေး	ဇွန်လ ၆ ရက်နေ့ည ၉ နာရီကျော်တွင် ပြည်ကြီးတံခွန်မြို့နယ်တွင် အကြမ်းဖက်စစ်အုပ်စုမှ ဆိုင်ကယ်မောင်းလာသူနှစ်ဦးအား ကားဖြင့်လိုက်တိုက်သဖြင့် ကျဆုံးသွားပါသည်။
၈၀၉	အမည်စုံစမ်းဆဲ	ကျား		အမည်မသိ	၆ ဇွန် ၂၁	၆ ဇွန် ၂၁	အရပ်သား			ပြည်ကြီးတံခွန်	မန္တလေး	ဇွန်လ ၆ ရက်နေ့ည ၉ နာရီကျော်တွင် ပြည်ကြီးတံခွန်မြို့နယ်တွင် အကြမ်းဖက်စစ်အုပ်စုမှ ဆိုင်ကယ်မောင်းလာသူနှစ်ဦးအား ကားဖြင့်လိုက်တိုက်သဖြင့် ကျဆုံးသွားပါသည်။
၈၁၀	စိုးရန်နိုင်	ကျား	၂၇	ဦးညွန့်အောင်	၆ ဇွန် ၂၁	၆ ဇွန် ၂၁	ကျောင်းသား	မိတ္ထီလာ		မိတ္ထီလာ	မန္တလေး	မိတ္ထီလာမြို့ရှိ ရွှေအုန်းပင် စားသောက်ဆိုင်အနီး ပေါက်ကွဲမှုဖြစ်စဉ်အတွင်း အကြမ်းဖက်စစ်အုပ်စုမှ ဝင်ရောက်စီးနင်းစဉ် မြောက်အောက်ခန်းမှ ထွက်လာစဉ် ဦးခေါင်းသို့ ချိန်ရွယ်ပစ်ခတ်ခံရမှုကြောင့် ကျဆုံးခဲ့ပါသည်။
၈၁၁	ချစ်သဲ (ခ) ချစ်ကိုဝင်း	ကျား	၁၉	ဦးတင်ဝင်း	၁၀ ဇွန် ၂၁	၁၀ ဇွန် ၂၁	ကျောင်းသား	ရေနံချောင်း GTI ရှေ့	နဂါးကုန်းကျေးရွာ	ရေနံချောင်း	မကွေး	၁၀ ဇွန် ၂၁ ည ၈ နာရီကျော်တွင် ဆိုင်ကယ်ဖြင့်သွားလာနေသည့် မောင်ချစ်သဲ(ခ) ချစ်ကိုဝင်းအား ရေနံချောင်း GTI ဝန်းရှေ့မှဖြတ်မောင်းနေစဉ် ကျောင်းအတွင်း တပ်စွဲထားသည့် အကြမ်းဖက်စစ်ကောင်စီအဖွဲ့မှ မေးမြန်းစုံစမ်းခြင်းမပြဲပဲ ပစ်ခတ်သတ်ဖြတ်သဖြင့် နေရာတွင်ပင် ကျဆုံးသွားပါသည်။
၈၁၂	အေးရွှေ	ကျား		အမည်မသိ	၁၁ ဇွန် ၂၁	၁၁ ဇွန် ၂၁	ပရဟိတသမား		ဒေါတမငယ်ကျေးရွာ	ဒီမောဆိုး	ကယား	ပရဟိတလုပ်ငန်းလုပ်ကိုင်နေသူဖြစ်ပြီး အကြမ်းဖက်စစ်အုပ်စုမှ ငွေတောင် ၁၀၂ တပ်ရင်းမှ လက်နက်ကြီးများဖြင့်ပစ်ခတ်မှုကြောင့် လက်နက်ကျဉ်ထိမှန်ကျဆုံးပါသည်။

၈၁၃	စောဘဲကရင်ဟဲ (ခ) စောဘဲဘဲ	ကျား	၂၀	အမည်မသိ	၁၁ ဇွန် ၂၁	၁၁ ဇွန် ၂၁	အရပ်သား	ဒေါတခွန်ကျေးရွာနှင့် ပခန်းဒိုကျေးရွာကြား		ဒီမောဆိုး	ကယား	ဇွန်လ ၁၁ ရက်နေ့ နံနက်ပိုင်းတွင် ဒီမောဆိုဖြို့နယ် ဒေါတခေါက်ရွာနှင့် ပဒန်းခိုရွာအကြားတွင် အကြမ်းဖက်စစ်ကောင်စီတပ်များဝင်ရောက် ပစ်ခတ်သဖြင့် သေနတ်ဒါဏ်ရာဖြင့် နေရာတွင်ပင်ကျဆုံးသွားပါသည်။
၈၁၄	မေးလာ	ကျား	၅၁	အမည်မသိ	၁၁ ဇွန် ၂၁	၁၁ ဇွန် ၂၁	အရပ်သား	ပဒန်းခိုရွာ	ပဒန်းခိုကျေးရွာ	ဒီမောဆိုး	ကယား	၁၁ ဇွန် ၂၁ နေ့တွင် စစ်ဘေးရှောင်နေရာမှ ဒီမောဆိုးဖြို့ အနောက်မြောက်ဖက်ရှိ ပဒန်းခိုရွာ ရှိနေအိမ်သို့ ရိက္ခာများပြန်လာယူစဉ် အကြမ်းဖက်စစ်အုပ်စုမှ အနီးကပ်ပစ်သတ်ခြင်းကြောင့် ကျဆုံးသွားပါသည်။
၈၁၅	အမည်မသိ	ကျား		အမည်မသိ	၁၁ ဇွန် ၂၁	၁၁ ဇွန် ၂၁	အရပ်သား	ပဒန်းခိုရွာ	ပဒန်းခိုကျေးရွာ	ဒီမောဆိုး	ကယား	12 ဇွန် ၂၁ နေ့တွင် စစ်ဘေးရှောင်နေရာမှ ဒီမောဆိုးဖြို့ အနောက်မြောက်ဖက်ရှိ ပဒန်းခိုရွာ ရှိနေအိမ်သို့ ရိက္ခာများပြန်လာယူစဉ် အကြမ်းဖက်စစ်အုပ်စုမှ အနီးကပ်ပစ်သတ်ခြင်းကြောင့် ကျဆုံးသွားပါသည်။

၈၁၆	မောင်မောင်ငြိမ်းထွန်း	ကျား	၄၅	အမည်မသိ	၁၃ ဇွန် ၂၁	၈ ဩဂုတ် ၂၁	ဆရာဝန်	မန္တလေး နန်းတွင်းစစ်ကြောရေးမှ မန္တလေးအထွေထွေရောဂါ ကုဆေးရုံကြီးသို့ လွှဲပြောင်း		မန္တလေး	မန္တလေး	ဇွန်လ ၁၃ ရက်နေ့က ဖမ်းဆီးခြင်းခံခဲ့ရပြီး ပုဒ်မ သုံးခုဖြင့် တရားစွဲဆိုခြင်းခံထားရသည့် အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) ပြုလုပ်ထားသော မန္တလေးဆေးတက္ကသိုလ်၊ ခွဲစိတ်ကုပညာဌာနမှ ကထိက ဒေါက်တာမောင်မောင်ငြိမ်းထွန်းသည် ယမန်နေ့ (ဩဂုတ် ၈) နံနက်ပိုင်းက ကိုဗစ်-၁၉ ကူးစက်ရောဂါဖြင့် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ ကျဆုံးသွားခဲ့သည်။ ဒေါက်တာမောင်မောင်ငြိမ်းထွန်းသည် မန္တလေး နန်းတွင်းစစ်ကြောရေး၌ ထိန်းသိမ်းခံထားရစဉ် ကိုဗစ်-၁၉ ကူးစက်ခြင်း ခံခဲ့ရသည်ဟု သိရှိရသည်။ အကြမ်းဖက်စစ်အုပ်စုမှ ဒေါက်တာမောင်မောင်ငြိမ်းထွန်းအား ဆေးရုံသို့မပို့ဘဲ အမှတ် ၉ ရဲစခန်း၌ နှစ်ပတ်ကြာ ချုပ်နှောင်ထားပြီး ထိုသို့ လုံလောက်သော ဆေးကုသမှုမရ၍ အခြေအနေပိုမို ဆိုးရွားလာမှသာ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ တင်ပို့ကုသခြင်းဖြစ်ကြောင်း
၈၁၇	မျိုးမြင့်သန်း	ကျား	၃၈	အမည်မသိ	၁၄ ဇွန် ၂၁	၁၄ ဇွန် ၂၁	အရပ်သား	စစ်ကြောရေးစခန်း	တောင်သာ	မြင်းခြံ	မန္တလေး	မြင်းခြံတောင်သာမြို့တွင် အမျိုးသမီးအသတ်ခံရသည့်အမှုအတွက် ရွာအတွင်းအကြမ်းဖက်ဝင်ရောက်ဖမ်းဆီးစဉ် စက်ပြင်ဆရာ မျိုးမြင့်သန်းအား ၁၃ ဇွန် ၂၁ ရက်နေ့တွင် ဖမ်းဆီးခေါ်ဆောင်သွားပြီး ညဉ့်ပန်းနိုင်စက်မှုများကြောင့် ၁၄ ဇွန် ၂၁ နေ့တွင် ကျဆုံးသွားပါသည်။
၈၁၈	အောင်ဆန်း	ကျား	၂၂	အမည်မသိ	၁၄ ဇွန် ၂၁	၁၄ ဇွန် ၂၁	အရပ်သား	ကြည်ရွာအတွင်း		ဒီပဲယင်း	စစ်ကိုင်း	စစ်ကိုင်းတိုင်ဒီပဲယင်းမြို့နယ် ကြည်ရွာအုပ်ချုပ်ရေးမှူး၏သမီးနှစ်ဦးအသ တ်ခံရသည်ကို အကြောင်းပြုပြီး အကြမ်းဖက်စစ်အုပ်စုမှ ကြည်ရွာအတွင်းအင်အားအများအပြားဖြင့် ဝင်ရောက်ပစ်ခတ်ခြင်းများပြုလုပ်ခဲ့စဉ် သေနတ်ဒါဏ်ရာဖြင့် နေရာတွင်ပင်ကျဆုံးသွားပါသည်။

၈၁၉	ဆုပိုင်ထွေး (ခ) ပိုင်ပိုင်	ကျား	၂၃	အမည်မသိ	၁၄ ဇွန် ၂၁	၁၄ ဇွန် ၂၁	အရပ်သား			ပြည်ကြီးတံခွန်	မန္တလေး	မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ဇွန်လ ၁၄ ရက်နေ့ ညအချိန်က မောင်ဆုပိုင်ထွေး(ခ) ပိုင်ပိုင်သည် ဆိုင်ကယ်စီးလာစဉ် အကြမ်းဖက်စစ်တပ်၏ လိုက်လံ ပစ်ခတ်ခြင်းခံခဲ့ရသောကြောင့် ဝမ်းဗိုက်ကို ကျည်ထိမှန်သွားခဲ့ပြီး ဆေးကုသခွင့်မရ၍ သွေးလွန်ကာ ကျဆုံးသွားခဲ့သည်။
၈၂၀	ရဲကြီး (ခ) နိုင်လင်းစိုး	ကျား		အမည်မသိ	၁၄ ဇွန် ၂၁	၁၈ ဇူလိုင် ၂၁	တက်ကြွလှုပ်ရှားသူ	တပ်မ ၇၇ စစ်ကြောရေးစခန်း	ဆို့ရှယ်လစ် ဓ လမ်း	ပဲခူး	ပဲခူး	ဇွန်လကတည်းက တပ်မ ၇၇ မှ ဖမ်းဆီး၍ စစ်ဆေးမေးမြန်းနေသော ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့တွင်နေထိုင်သည့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ကိုနိုင်လင်းစိုး (ခ) ကိုရဲကြီးသည် စစ်ကြောရေးတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခြင်းခံထားရ သဖြင့် ဇူလိုင်လ ၁၇ ရက်နေ့တွင် ဆေးရုံတင်ထားရပြီး ဇူလိုင်လ ၁၈ ရက်နေ့တွင် ကျဆုံးသွားခဲ့ပြီဖြစ်ကြောင်း မိသားစုဝင်များထံအကြောင်းကြားလာသည် ဟု သိရှိရသည်။ ဇွန်လ ၁၄ ရက်နေ့တွင် ကိုနိုင်လင်းစိုး (ခ) ကိုရဲကြီး၏ ဇနီး ဖြစ်သူကို ဓားစာခံအဖြစ်ဖမ်းဆီးခဲ့ပြီး ထိန်းသိမ်းနေထိုင်ရာနေရာသို့ အတင်းအကျပ်လိုက်ပြခိုင်းခဲ့သောကြောင့် ကိုနိုင်လင်းစိုးသည် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။

၈၂၁	မြမောင်	ကျား	၉၀	ဦးကျော်ဖိုး	၁၅ ဇွန် ၂၁	၁၅ ဇွန် ၂၁	အရပ်သား	ကင်းမကျေးရွာ	ကင်းမကျေးရွာ	ပေါက်	မကွေး	ဇွန်လ ၁၅ ရက်နေ့ ၂၁ ခုနှစ်နေ့တွင် အကြမ်းဖက်စစ်အုပ်စုများမှ မကွေးတိုင်း ပေါက်မြို့နယ်အတွင်းရှိ ကင်းမကျေးရွာ တရွာလုံးအား မီးတင်ရှို့သည့်ဖြစ်စဉ်အတွင်း သက်ကြီးရွယ်အိုများမှာ ထွက်ပြေးနိုင်ခြင်းမရှိပဲ မီးအတေါင်းကျဆုံးသွားခဲ့ပါသည်။
၈၂၂	ကြီးမိုန်	မ	၈၇	အမည်မသိ	၁၅ ဇွန် ၂၁	၁၅ ဇွန် ၂၁	အရပ်သား	ကင်းမကျေးရွာ	ကင်းမကျေးရွာ	ပေါက်	မကွေး	ဇွန်လ ၁၅ ရက်နေ့ ၂၁ ခုနှစ်နေ့တွင် အကြမ်းဖက်စစ်အုပ်စုများမှ မကွေးတိုင်း ပေါက်မြို့နယ်အတွင်းရှိ ကင်းမကျေးရွာ တရွာလုံးအား မီးတင်ရှို့သည့်ဖြစ်စဉ်အတွင်း သက်ကြီးရွယ်အိုများမှာ ထွက်ပြေးနိုင်ခြင်းမရှိပဲ မီးအတေါင်းကျဆုံးသွားခဲ့ပါသည်။
၈၂၃	ချစ်ကို	ကျား	၃၆	အမည်မသိ	၁၅ ဇွန် ၂၁	၁၆ ဇွန် ၂၁	အရပ်သား	စစ်ကြောရေးစခန်း	ကွမ်းစိုက်ကျေးရွာ	မြင်းခြံ	မန္တလေး	မန္တလေးတိုင်း မြင်းခြံမြို့နယ် ကွမ်းစိုက်ရွာမှာ ပြီးခဲ့တဲ့ ဇွန်လ ၁၅ ရက်နေ့က ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ ဥက္ကဋ္ဌ ဟောင်း ဦးမြင့်ကျော်ဆိုသူအား ဓါးဖြင့်ခုတ်သည့်အမှုအတွက် ကျေးရွာအတွင်း လူပေါင်း ၃၈ ယောက်အား ဝင်ရောက်ဖမ်းဆီးခဲ့ပြီး စစ်ကြောမေးမြန်းစဉ် ကျေးရွာသားနှစ်ဦး ညှဉ်းပန်းနှိပ်စက်သည့်ဒါဏ်ရာများဖြင့် ကျဆုံးသွားပါသည်။
၈၂၄	စိန်ဝင်း	ကျား	၅၅	အမည်မသိ	၁၅ ဇွန် ၂၁	၁၆ ဇွန် ၂၁	အရပ်သား	စစ်ကြောရေးစခန်း	ကွမ်းစိုက်ကျေးရွာ	မြင်းခြံ	မန္တလေး	မန္တလေးတိုင်း မြင်းခြံမြို့နယ် ကွမ်းစိုက်ရွာမှာ ပြီးခဲ့တဲ့ ဇွန်လ ၁၅ ရက်နေ့က ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ ဥက္ကဋ္ဌ ဟောင်း ဦးမြင့်ကျော်ဆိုသူအား ဓါးဖြင့်ခုတ်သည့်အမှုအတွက် ကျေးရွာအတွင်း လူပေါင်း ၃၈ ယောက်အား ဝင်ရောက်ဖမ်းဆီးခဲ့ပြီး စစ်ကြောမေးမြန်းစဉ် ကျေးရွာသားနှစ်ဦး ညှဉ်းပန်းနှိပ်စက်သည့်ဒါဏ်ရာများဖြင့် ကျဆုံးသွားပါသည်။

၈၂၅	မိုးသူ (ခ) မိုးသူဇာထွေး	မ		အမည်မသိ	၁၅ ဇွန် ၂၁ ဖမ်းဆီးခံရ	၂၂ ဇူလိုင် ၂၁	စေတနာ့ဝန်ထမ်း	အင်းစိန်ထောင်		ခရမ်း	ရန်ကုန်	ဇွန်လ ၁၅ ရက်နေ့ကတည်းက ဖမ်းဆီးခြင်းခံခဲ့ရပြီး ရာဇသတ်ကြီးပုဒ်မ ၅၀၅(က) ဖြင့် တရားစွဲဆိုခြင်းခံထားရသည့် ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်မှ မမိုးသူ ခေါ် မမိုးသူဇာထွေးသည် အင်းစိန်အကျဉ်းထောင်တွင်း ကိုဗစ်-၁၉ ကူးစက်ခြင်းခံခဲ့ရပြီး ဆေးကုသခံယူခွင့် အပြည့်အဝမရရှိသည့်အတွက် ဇူလိုင်လ ၂၂ ရက်နေ့တွင် ထောင်တွင်း၌ ကျဆုံးသွားခဲ့ကြောင်း သိရှိရသည်။
၈၂၆	အေးလှ	ကျား	၇၂	ဦးဖိုးကွန်း	၁၆ ဇွန် ၂၁	၁၉ ဇူလိုင် ၂၁	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်	ကျိုက်ဇကောထောင်	၅ ရပ်ကွက်၊ ဖဒိုမြို့	ကျောက်တံခါး	ပဲခူး	ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ် အမျိုသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဒုဥက္ကဋ္ဌ ဦးအေးလှသည် စစ်ကြောရေး တွင် ညှဉ်းပန်းနှိပ်စက်ခြင်းခံခဲ့ရသည့် ဒဏ်ရာများကြောင့် ဇူလိုင်လ ၁၉ ရက်နေ့တွင် ဒုံက်ဦး (ကျိုက်ဇကော) အကျဉ်းထောင် အတွင်း၌ ကျဆုံးသွားခဲ့သည်။ ၎င်း၏သားဖြစ်သူ ကျောက်တံခါးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းကျော်ကို ဖမ်းဆီးရမိခြင်းမရှိသောကြောင့် ပီဒီအက်ဖ်များအား သင်တန်းပေးခြင်း၊ လက်နက်များ ကိုင်ဆောင်ခြင်း တို့ဖြင့် အမှုဆင်ကာ ဦးအေးလှကို ဇွန်လ ၁၆ ရက်နေ့ကတည်းက ဖမ်းဆီးထားခြင်းဖြစ်သည်။
၈၂၇	စိန်မင်း	ကျား		အမည်မသိ	၁၉ ဇွန် ၂၁	၁၉ ဇွန် ၂၁	အရပ်သား	မိချောင်းတွင်းရွာအတွင်း	မိကျောင်းတွင်းရွာ	ကနီ	စစ်ကိုင်း	အကြမ်းဖက်စစ်အုပ်စုမှ ကနီမြို့နယ် မိကျောင်းတွင်းရွာအတွင်း နေအိမ်သို့ပြန်လာသည့်အပြစ်မဲ့ပြည်သူအား ပစ်ခတ်သတ်ဖြတ်ပြီးနောက် တူမီးသေနတ်အားအလောင်းဘေးတွင်ချထာ းကာ ဓါတ်ပုံမှတ်တမ်းရိုက်ယူပြီး PDF တပ်သားဖြစ်ကြောင်း ပုံစံဖော်မှတ်တမ်းယူသွားပါသည်။

၈၂၈	ဖိုးသကြိန် (ခ) ဖိုးစိန်	ကျား	13	အမည်မသိ	၁၉ ဇွန် ၂၁	၂၁ ဇွန် ၂၁	အရပ်သား	ဗဟန်း၊ ဆာဖိုးသာခြံ	ငါးထပ်ကြီး (တောင်) ရပ်ကွက်	ဗဟန်း	ရန်ကုန်	ဇွန်လ ၁၉ ရက်နေ့ ညအချိန်က ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်တွင် အသက် ၁၃ နှစ်အရွယ် မောင်ဖိုးသကြိန် (ခ) ဖိုးစိန်သည် ကစားနေစဉ် စစ်သားများရောက်ရှိလာသည်ကိုမြင်၍ ထွက်ပြေးရာမှ သေနတ်ဖြင့်လှမ်းပစ်ခြင်းခံခဲ့ရပြီး နောက်ကျောကို ကျည်ထိမှန်ကာ ဒဏ်ရာဖြင့် ခေါ်ဆောင်သွားခြင်းခံခဲ့ရသည်။ ဇွန်လ ၂၁ ရက်နေ့တွင် မိသားစုမှ မောင်ဖိုးသကြိန် (ခ) ဖိုးစိန်မှာ ကျဆုံးသွားခဲ့ပြီဖြစ်ကြောင်း သိရှိခဲ့ရသည်။
၈၂၉	မမိုးသန္တာအောင်	မ	၁ နှစ် ၆လ	သန်းစိုးအောင်	၁၉ ဇွန် ၂၁	၁၉ ဇွန် ၂၁	အရပ်သား			ကျိုင်းတုံ	ရှမ်း	ဇွန်လ ၁၉ ရက်နေ့ ညအချိန်က ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့တွင် အရပ်သား တစ်ဦးဖြစ်သူ ကိုသန်းစိုးအောင်သည် အသက် (၁) နှစ် နှင့် (၆) လ ဝန်းကျင် သမီးဖြစ်သူ နေမကောင်းသဖြင့် ဆေးခန်းပြရန် ဆိုင်ကယ်မောင်း၍ သွားစဉ် အကြမ်းဖက်စစ်အုပ်စု၏ တပ်ဖွဲ့ဝင်များမှ တားမြစ်ရာ ရပ်တန့်ပေးခြင်းမရှိ၍ ကျိုင်းတုံမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူးမှ ကားဖြင့်တိုက်ကာ ဖမ်းဆီးခဲ့သောကြောင့် ကိုသန်းစိုးအောင်မှာ ဒဏ်ရာရရှိသွားခဲ့ပြီး အသက် (၁) နှစ် နှင့် (၆) လ ဝန်းကျင် သမီးဖြစ်သူမှာ ကျဆုံးသွားခဲ့သည်။ ၎င်းပြင် ကိုသန်းစိုးအောင်ကို ကျိုင်းတုံမြို့မရဲစခန်းတွင် ဖမ်းဆီး ချုပ်နှောင်ထားပြီး ပုဒ်မ နှစ်ခုဖြင့် အမှုဖွင့်ထားကြောင်း သိရှိရသည်။

၈၃၀	မိုးဇော်ဦး	ကျား		အမည်မသိ	၂၀ ဇွန် ၂၁	၂၀ ဇွန် ၂၁	အရပ်သား	ကျောက်မီးသွေးရုံမီးပွိုင့်အနီး	အဘစ်ရွာ	ချောင်းဆုံ	မွန်	၂၀ ဇွန် ၂၁ နေ့ည ၈နာရီ၃၀ အချိန်တွင် ဆိုင်ကယ်ဖြင့်ပြန်လာစဉ် မော်လမြိုင် ကျောက်မီးသွေးရုံအနီးမီးပွိုင့်တွင် အကြမ်းဖက်စစ်အုပ်စုမှ ပစ်ခတ်သတ်ဖြတ်မှုကြောင့် ကျဆုံးပါသည်။
၈၃၁	ဇော်မင်းဦး	ကျား		အမည်မသိ	၂၀ ဇွန် ၂၁	၂၀ ဇွန် ၂၁	အရပ်သား	ကျောက်မီးသွေးရုံမီးပွိုင့်အနီး	အဘစ်ရွာ	ချောင်းဆုံ	မွန်	၂၀ ဇွန် ၂၁ နေ့ည ၈နာရီ၃၀ အချိန်တွင် ဆိုင်ကယ်ဖြင့်ပြန်လာစဉ် မော်လမြိုင် ကျောက်မီးသွေးရုံအနီးမီးပွိုင့်တွင် အကြမ်းဖက်စစ်အုပ်စုမှ ပစ်ခတ်သတ်ဖြတ်မှုကြောင့် ကျဆုံးပါသည်။
၈၃၂	ကျော်ကျော်မျိုး	ကျား		ဦးကျော်ထွေး	၂၀ ဇွန် ၂၁	၂၀ ဇွန် ၂၁	အရပ်သား	လက်ပန်လှကျောင်းရှေ့	လက်ပန်လှကျေးရွာအုပ်စု၊ ငြိမ်းချမ်းအောင်ရပ်ကွက်	ဗဟန်း	မန္တလေး	စဉ်ကူးမြို့နယ်၊ လက်ပန်လှအုပ်စု၊ ငြိမ်းချမ်းအောင်ရပ်ကွက်နေ ဦးကျော်ထွေးနှင့်ဒေါ်မိုးမိုးအေးတို့၏ သားဖြစ်သူ ကိုကျော်ကျော်မျိုးသည် ၎င်း၏ သူငယ်ချင်းတစ်ဦးနှင့်အတူ ယမန်နေ့ညပိုင်း မင်္ဂလာဆောင်ဖိတ်စာများ သွားရောက်ဝေငှကြစဉ် လက်ပန်လှကျောင်းရှေ့ အရောက်တွင် အကြမ်းဖက်စစ်ကောင်စီတပ်များက ပစ်ခတ်သဖြင့် နေရာတွင်ပင်ကျဆုံးသွားပါသည်။
၈၃၃	ဇေယျာလင်း	ကျား	၃၀	အမည်မသိ	၂၁ ဇွန် ၂၁ ဖမ်းဆီးခံ	၂၂ ဇွန် ၂၁	အရပ်သား	စစ်ကြောရေးစခန်း	လယ်ဧင်စံပြကျေးရွာ	မုံရွာ	စစ်ကိုင်း	ဇွန်လ ၂၁ ရက်နေ့ ညအချိန်က စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ လယ်ဧင်စံပြကျေးရွာမှ ကိုဇေယျာလင်းသည် စစ်သားများ၏ ရိုက်နှက် ဖမ်းဆီးခြင်းကိုခံခဲ့ရပြီးနောက် ကျဆုံးသွားခဲ့ပြီဖြစ်ကြောင်း ယမန်နေ့ (ဇွန် ၂၂) နံနက်ပိုင်းက မိသားစုထံ အကြောင်းကြားလာကြောင်း သိရှိရသည်။ ကိုဇေယျာလင်း၏ ရုပ်အလောင်းတွင် နောက်စေ့၌ ကြီးမားသည့် ဒဏ်ရာ နှင့် ခန္ဓာကိုယ်အနှံ့တွင်လည်း ဒဏ်ရာများတွေ့ရှိရသည်ဟု သိရှိရသည်။

၈၃၄	နေဝင်းအောင်	ကျား	၄၀	ဦးသိန်းအောင်	၂၃ ဇွန် ၂၁	၂၃ ဇွန် ၂၁	အရပ်သား	နေအိမ်အတွင်း		ထီးချိုင့်	စစ်ကိုင်း	မမှန်မကန် သတင်းပေးတိုင်ကြားခံရသဖြင့် အကြမ်းဖက်စစ်အုပ်စုမှ ဝင်ရောက်ဖမ်းဆီးစဉ် ပစ်ခတ်သတ်ဖြတ်ခံခဲ့ရပါသည်။
၈၃၅	ဆလိုင်းငွန်နေပြန် (Salai Ngun Nei Piang)	ကျား		အမည်မသိ	၂၃ ဇွန် ၂၁	၂၃ ဇွန် ၂၁	အရပ်သား	ရပ်ကွက်အတွင်း	Taungzalat	ကလေး	စစ်ကိုင်း	ကလေးမြို့ တောင်ဖီလာရပ်ကွက် ဝန်ထမ်းအိမ်ယာအနီးမှာ မနေ့ညဇွန် ၂၃ ရက် ညနေ ၉ နာရီဝန်းကျင်တွင် အကြမ်းဖက်စစ်အုပ်စုမှ ဝင်ရောက်ပစ်ခတ်မှုကြောင့် သေနတ်ဒဏ်ရာဖြင့် ကျဆုံးသွားပါသည်။
၈၃၆	မိုင် Nuam Za Thiang	မ	၁၉	အမည်မသိ	၂၃ ဇွန် ၂၁	၂၃ ဇွန် ၂၁	အရပ်သား			ကလေး	စစ်ကိုင်း	ဇွန်လ ၂၃ ရက်နေ့ ည ၉ နာရီဝန်းကျင်က စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့တွင် အကြမ်းဖက်စစ်အုပ်စု၏ တပ်သားများမှ ပစ်ခတ်ခဲ့ခြင်းကြောင့် ဘယ်ဘက်ပေါင်တွင် သေနတ်ဒဏ်ရာရရှိခဲ့ပြီး ဖမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ရသော အသက် ၁၉ နှစ် အရွယ်ရှိ မိုင် Nuam Za Thiang သည် ယင်းနေ့ ည ၁၀ နာရီခန့်တွင် ကျဆုံးသွားခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။ မိသားစုထံ ကိုဗစ်ရောဂါဖြင့် ကွယ်လွန်သွားပြီဖြစ်ကြောင်း ဇွန်လ ၂၄ ရက်နေ့ နံနက်ပိုင်းတွင် အကြောင်းကြားခဲ့သည်ဟု သိရှိရသည်။ မိုင် Nuam Za Thiang ၏ ရုပ်အလောင်း၌ သွေးအများအပြား တွေ့ရှိရသည်ဟုလည်း သိရှိရသည်။
၈၃၇	အောင်မင်းသူ (ခ) ပိစိ	ကျား	၂၈	ဦးအေးဇော်	၂၃ ဇွန် ၂၁	၂၃ ဇွန် ၂၁	အရပ်သား	ကလေးမြို့ မြန်မာလဖက်ရည်ဆိုင်အ နီး		သီပေါ	ရှမ်း	လဖက်ရည်ဆိုင်မှ ဆိုင်ကယ်ဖြင့်ပြန်လာစဉ် အကြမ်းဖက်စစ်အုပ်စုများမှ ပစ်ခတ်သတ်ဖြတ်သဖြင့် ဦးခေါင်းကျဉ်ဆံထိမှန်ပြီး ကျဆုံးပါသည်။

၈၃၈	နိုင်ဝင်းဦး	ကျား	၃၄	အမည်မသိ	၂၅ ဇွန် ၂၁	၂၅ ဇွန် ၂၁	အရပ်သား	လမ်းပေါ်တွင်ဆိုင်ကယ်ဖြင့်သွားစဉ် အပစ်ခံရ	တန်းတောရပ်ကွက်	မုံရွာ	စစ်ကိုင်း	ဇွန်လ ၂၅ရက်နေ့ည ၉ နာရီအချိန်တွင် မုံရွာမြို့ ထန်းတောရပ်ကွက်တွင် ပဲခွဲစက်ဂိုထောင်သော့ မေ့ကျန်၍ ပြန်ယူချိန် အကြမ်းဖက်စစ်အုပ်စု၏ အမေးအမြန်းမရှိဘဲ ပစ်ခတ်မှုကြောင့် အသက်၃၄နှစ်အရွယ် ကိုနိုင်ဝင်းကျဆုံးသွားပါသည်။
၈၃၉	Salai Van Tha Cung @ ဇော်ထက်	ကျား	၂၅	ဦးဇော်မြင့်	၂၅ ဇွန် ၂၁	၂၆ ဇွန် ၂၁	အရပ်သား	စစ်ကြောရေးစခန်း	တပ်ဦးသီတာရပ်ကွက်	ကလေး	စစ်ကိုင်း	စစ်ကိုင်းတိုင်း၊ ကလေးမြို့ တပ်ဦးသီတာရပ်ကွက်တွင် မနေ့ဇွန် ၂၅ ရက်နေ့ ညနေ ၃ နာရီခန့်က သားအဖနှစ်ယောက်ကို အကြမ်းဖက်စစ်အုပ်စုမှ ဝင်ရောက် ဖမ်းဆီးခေါ်ဆောင်သွားပြီး ဇွန် ၂၆ ရက် ညနေ ၂ နာရီခွဲလောက်မှာ သားဖြစ်သူမှာ ညှဉ်းပန်းနှိပ်စက်မှုကြောင့် ကျဆုံးသွားခဲ့သော်လည်း ကိုဗစ်နှင့်သေဆုံးသည်ဟု မိသားစုထံအကြောင်းကြားလာပြီး အလောင်းအား သပြိုလ်ခွင့်မရရှိခဲ့ပါ။
၈၄၀	အေးမင်းစိုး	ကျား	၃၅	ဦးခင်မြင့်	၂၇ ဇွန် ၂၁	၂၇ ဇွန် ၂၁	အရပ်သား	လှိုင်သာယာထန်းတပင်လမ်းမ	၁၇/က၊ စပါယ်လမ်း၊ ၁၁ ရပ်ကွက်	လှိုင်သာယာ	ရန်ကုန်	ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် သို့ဆိုင်ကယ်ဖြင့်မောင်းနှင်လာစဉ် အကြမ်းဖက်စစ်အုပ်စုမှ ရပ်တန့်ခိုင်းစဉ် မရပ်တန့်သဖြင့် ပိုင်းဝန်းပစ်ခတ်ကြသဖြင့် သေနတ်ဒဏ်ရာများဖြင့် နေရာတွင်ပင် ကျဆုံးသွားပါသည်။ ထို့ပြင် အကြမ်းဖက်စစ်အုပ်စုမှ ဆိုင်ကယ်ခြင်းအတွင်း လက်နက်များတွေ့ရှိသည်ဟု မမှန်မကန် သတင်းထုတ်ပြန်ထားပါသည်။

၈၄၁	ဝေဖြိုးအောင်	ကျား		အမည်မသိ	၂၈ ဇွန် ၂၁	၂၈ ဇွန် ၂၁	အရပ်သား	ပြည်ကြီးတခွန် ၄ ရပ်ကွက်အတွင်း	မြရည်နန္ဒာရပ်ကွက်	ချမ်းမြသာစည်	မန္တလေး	ဇွန်လ ၂၈ ရက်နေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၄ ရပ်ကွက်အတွင်းတွင် အရပ်သားတစ်ဦးဖြစ်သူ ကိုဝေဖြိုးအောင်သည် မြေယာအငြင်းပွားမှုဖြစ်စဉ်အား သွားရောက်ကြည့်ရှုစဉ် အကြမ်းဖက်စစ်အုပ်မှ ပစ်ခတ်ခဲ့ခြင်း ကြောင့် နေရာတွင်ပင် ကျဆုံးသွားခဲ့သည်။ ၚင်း၏ ရုပ်အလောင်းအား အကြမ်းဖက်စစ်အုပ်စုမှ ယူဆောင်သွားခဲ့ပြီး မိသားစုအား ဓာတ်ပုံသာပြသခဲ့သည်။
၈၄၂	အောင်အောင်လွင်	ကျား	၁၉	အမည်မသိ	၂၈ ဇွန် ၂၁ ဖမ်းဆီး	၁ ဇူလိုင် ၂၁	ကျောင်းသား	စစ်ကြောရေးစခန်း		ရွှေတောင်	ပဲခူး	ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့တွင် ဇွန်လ ၂၈ ရက်နေ့ညက အကြမ်းဖက်စစ်အုပ်စု၏ သတင်းပေးမှ တိုင်ကြားခဲ့ခြင်းကြောင့် ဖမ်းဆီးခေါ်ဆောင်ခြင်းခံထားရသော အသက် ၁၉ နှစ်အရွယ် မောင်အောင်အောင်လွင်သည် ဖမ်းဆီး ထိန်းသိမ်းခြင်းခံထားရစဉ်အတွင်း ကျဆုံးသွားခဲ့သည်။ မောင်အောင်အောင်လွင်၏ ရုပ်အလောင်းကို မိသားစုအား တွေ့ခွင့် မပေးဘဲ အကြမ်းဖက်စစ်တပ်မှ မီးသင်္ဂြိုလ်ခဲ့သည်ဟု သိရှိရသည်။

၈၄၃	စိုးစံ	ကျား	၄၄	ဦးပြုံးချို	၂၉ ဇွန် ၂၁	၃၀ ဇွန် ၂၁	အမျိုးသားဒီမိုက ရေစီအဖွဲ့ချုပ်(မြို့နယ်အလုပ်အမှု ဆောင်)	စစ်ကြောရေးစခန်း	တဲစုရွာ	ဝမ်းတွင်း	မန္တလေး	ဇွန်လ ၂၉ ရက်နေ့တွင် ဖမ်းဆီးခြင်းခံခဲ့ရသော မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ တဲစုကျေးရွာ NLD ရပ်ကျေးအဖွဲ့ဝင် ကိုစိုးစံသည် ဇွန်လ ၃၀ ရက်နေ့တွင် ကျဆုံးသွားကြောင်းသိရှိရသည်။ ကိုစိုးစံသည် ကိုဗစ်-၁၉ အသက်ရှူ လမ်းကြောင်းဆိုင်ရာရောဂါဖြင့် ကွယ်လွန်သည်ဟုအကြောင်းပြသော်လည်း ပင်းတလဲဆေးရုံ၌ တပ်စွဲထားသော စစ်သားများမှ ရိုက်နှက်ခြင်းကြောင့် ဖြစ်သည်ဟု ကနဦး သိရှိရသည်။ ကိုစိုးစံ၏ ရုပ်အလောင်းကို အကြမ်းဖက်စစ်အုပ်စုမှ သင်္ဂြိုလ်ခဲ့ပြီး ကိုဗစ်-၁၉ ကြောင့်ဟုဆိုကာ မိသားစုမှလွဲ၍ မည်သူ့ကိုမျှ လိုက်ပါပို့ဆောင်ခွင့်မပေးခဲ့ပါ။

၈၄၄	စိုးမင်း	ကျား		အမည်မသိ	၂၉ ဖွန် ၂၁	၁ ဇူလိုင် ၂၁	အရပ်သား	စစ်ကြောရေးစခန်း	ဖိုးခေါင်ရပ်ကွက်	ပြည်	ပဲခူး	မြရွာကျောင်းကိုဖျက်ဆီးသူဟု သတင်းမှားပေးတိုင်ကြားခံရသည့်အတွက် အကြမ်းဖက်စစ်ကောင်စီမှ ဖွန်လ ၂၉ ရက်နေ့ ည ၁၁ နာရီတွင် ဖမ်းဆီးခေါ်ဆောင်သွားပြီးနောက် ဇူလိုင်လ ၁ ရက်နေ့တွင်ပြည်မြို့ ဆေးရုံးကြီးတွင် အလောင်းလာရောက်ထုတ်ယူရန် မိသားစို အကြောင်းကြားလာခြင်းဖြစ်ပါသည်။ ညှဉ်းပန်းနှိပ်စက်မှုများဖြင့် ကျဆုံးသွားသော်လည်း အကြမ်းဖက်စစ်အုပ်စုမှ တက်သည့်ရောဂါဖြင့် သေဆုံးသွားကြောင်းသာ ထုတ်ပြောခဲ့ပါသည်။ အလောင်းပြန်ပေးချိန်တွင် ခန္ဓာကိုယ် အနှံ့မှာ အညိုအမဲဒါဏ်ရာများဖြင့် တွေ့ရှိရသည်ဟု မိသားစုဝင်များမှ အတည်ပြုပြောဆိုပါသည်။
၈၄၅	သီဟဇော် (ခ) အငယ်လေး	ကျား	၂၃	ဦးခင်ဇော်	၁ ဇူလိုင် ၂၁	၁ ဇူလိုင် ၂၁	ကျောင်းသား	စစ်ကြောရေးစခန်း		မုံရွာ	စစ်ကိုင်း	ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့စက်မှုဇုံရှိ စက်ရုံတစ်ရုံအတွင်းမှ ဒဏ်ရာရသူများကို ကူညီ ပေးခဲ့သော လူငယ်တစ်ဦးဖြစ်သည့် ကိုသီဟဇော် (ခ) ငယ်လေးကို အကြမ်းဖက်စစ်တပ်မှ ယမန်နေ့ (ဇူလိုင် ၁) နေ့လယ်ပိုင်းက ဖမ်းဆီးသွားခဲ့ပြီး ညနေပိုင်း၌ ရုပ်အလောင်းကို ပြန်ပို့ခဲ့ကြောင်း သိရှိရသည်။

၈၄၆	အောင်ဇော်မျိုး (ခ) အငယ်လေး	ကျား	၃၉	အမည်မသိ	၁ ဇူလိုင် ၂၁	၁ ဇူလိုင် ၂၁	အရပ်သား	စစ်ကြောရေးစခန်း	စက်မှုဇုန်	မုံရွာ	စစ်ကိုင်း	မုံရွာမြို့ စက်မှုဇုန်အနီး ပေါက်ကွဲမှုဖြစ်စဉ်အတွင်း မသက်သာမှုဖြင့်ဖမ်းဆီးခံခဲ့ရပြီး စစ်ကြောရေးစခန်းအတွင်း အကြမ်းဖက်စစ်အုပ်စု၏ ညှဉ်းပန်းနှိပ်စက်မှုကြောင့် ဖမ်းဆီးခံရပြီး ၅ နာရီခန့်အကြာတွင် ဒါဏ်ရာများစွာဖြင့် ကျဆုံးသွားပါသည်။
၈၄၇	မိုးဟိန်း	ကျား	၅၅	အမည်မသိ	၂ ဇူလိုင် ၂၁	၂ ဇူလိုင် ၂၁	ကျူးကျော်ဆရာ၊ အမျိုးသားဒီမိုက ရေစီအဖွဲ့ချုပ်(မြို့ နယ်အလုပ်အမှု ဆောင်) ဟောင်း	နေအိမ်အတွင်း	၂၀ ရပ်ကွက်	မြင်းခြံ	မန္တလေး	ယမန်နေ့ (ဇူလိုင် ၂) ညအချိန်က မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၌ အကြမ်းဖက်စစ်အုပ်စု၏ လက်ပါးစေအဖွဲ့ဖြစ်သော ပျူစောထီးအဖွဲ့မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ၏ မြင်းခြံမြို့နယ် အလုပ်အမှုဆောင်ဟောင်းများဖြစ်ကြသော ပုဂ္ဂလိကကျောင်းအထက်တန်းပြဆရာ ဦးမိုးဟိန်း နှင့် ဇနီးသည် ဒေါ်စုစုလှိုင်တို့ကို ပစ်သတ်သွားခဲ့သည်။
၈၄၈	စုစုလှိုင်	မ	၄၅	အမည်မသိ	၂ ဇူလိုင် ၂၁	၂ ဇူလိုင် ၂၁	အမျိုးသားဒီမိုက ရေစီအဖွဲ့ချုပ်(မြို့ နယ်အလုပ်အမှု ဆောင်) ဟောင်း	နေအိမ်အတွင်း	၂၀ ရပ်ကွက်	မြင်းခြံ	မန္တလေး	ယမန်နေ့ (ဇူလိုင် ၂) ညအချိန်က မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၌ အကြမ်းဖက်စစ်အုပ်စု၏ လက်ပါးစေအဖွဲ့ဖြစ်သော ပျူစောထီးအဖွဲ့မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ၏ မြင်းခြံမြို့နယ် အလုပ်အမှုဆောင်ဟောင်းများဖြစ်ကြသော ပုဂ္ဂလိကကျောင်းအထက်တန်းပြဆရာ ဦးမိုးဟိန်း နှင့် ဇနီးသည် ဒေါ်စုစုလှိုင်တို့ကို ပစ်သတ်သွားခဲ့သည်။

၈၄၉	မိုးဇော်အောင်	ကျား	၂၈	အမည်မသိ	၃ ဇူလိုင် ၂၁	၃ ဇူလိုင် ၂၁	အရပ်သား	ပန်းဆက်တောင်အနီး		ကန့်ဘလူ	စစ်ကိုင်း	ဇူလိုင်လ ၂ ရက်နေ့ ည ၁၂ နာရီကျော်တွင် စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ်၊ ကိုးတောင်ဘို့နှင့် ဇော်ချောင်းရွာကြား ပန်းဆက်တောင်အနီးမောင်းနှင်လာသည့် ကုန်တင်ကားအား အကြမ်းဖက်စစ်အုပ်စုမှ ပစ်ခတ်မှုကြောင့် ကားခေါင်းတွင်လိုက်ပါလာသည့် ကိုမိုးဇော်အောင်မှာ ဦးခေါင်းကျည်ထိမှန်ဒါဏ်ရာဖြင့် ကျဆုံးသွားပါသည်။
၈၅၀	ခင်ကျော်	M		အမည်မသိ	၅ ဇူလိုင် ၂၁	၅ ဇူလိုင် ၂၁	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်	နေအိမ်အတွင်း ဝင်ရောက်လုပ်ကြံခံရ	၅၇ ရပ်ကွက်	တောင်ဒဂုံ	ရန်ကုန်	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များအ ား အကြမ်းဖက်စစ်အုပ်စုမှ ဖွဲ့စည်းထားသည့် ပျူစောထီးအဖွဲ့များမှ နေအိမ်အတွင်း ဝင်ရောက်ပစ်ခတ်သဖြင့် ကျဆုံးသွားပြီး အလောင်းအား အကြမ်းဖက်စစ်အုပ်စုမှ လာရောက်ယူဆောင်သွားပါသည်။
၈၅၁	သေးသေး	မ		အမည်မသိ	၅ ဇူလိုင် ၂၁	၅ ဇူလိုင် ၂၁	အရပ်သား	လမ်းပေါ်တွင်ပစ်ခတ်ခံရ	အရွှေခြမ်းညောင်ကုန်း ကျေးရွာ	ကောလင်း	စစ်ကိုင်း	ဇူလိုင်လ ၅ ရက်နေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့တွင် အရပ်သားတစ်ဦးဖြစ်သူ ဒေါ်သင်းသေးသည် သားငယ်နှင့်အတူ ဆိုင်ကယ်စီးလာစဉ် အကြမ်းဖက်စစ်အုပ်စု၏ တပ်များမှ ပစ်ခတ်ခဲ့ခြင်းကြောင့် ဝမ်းဗိုက်ကို ကျည်ထိမှန်ကာ နေရာတွင်ပင် ကျဆုံးသွားခဲ့သည်။

၈၅၂	ဘဂျမ်း	ကျား	၃၀	အမည်မသိ	ဖ ဇူလိုင် ၂၁	ဖ ဇူလိုင် ၂၁	တောင်သူ	လမ်းသွားစဉ်ပစ်ခတ်ခံရ	ရွာသစ်ရွာ	ဟိုပင်	ကချင်း	ယမန်နေ့ (ဇူလိုင် ဖ) ညအချိန်က ကချင်ပြည်နယ်၊ ဟိုပင်မြို့၊ ရွာသစ်ကြီးကျေးရွာတွင် လယ်တောမှ နွားလှည်းမောင်း၍ ပြန်လာသည့် အရပ်သားတစ်ဦးဖြစ်သူ ကိုဘဂျမ်းကို နွားလှည်း အား ရပ်တန့်ပေးခြင်းမရှိဟုဆိုကာ ပစ်ခတ်ခဲ့ခြင်းကြောင့် ကိုဘဂျမ်းသည် နောက်ကျောကို ကျည်ထိမှန်ကာ ကျဆုံးသွား ခဲ့သည်။
၈၅၃	မိုးဇော်	ကျား	၃၅	အမည်မသိ	ဖ ဇူလိုင် ၂၁	၃၁ ဇူလိုင် ၂၁	အရပ်သား	စစ်ကြောရေးစခန်းမှ မြင်းခြံဆေးရုံကြီးသို့ တင်ပို့ကုသစဉ် ကျဆုံး	ဆုံရွာကုန်းကျေးရွာ	မြင်းခြံ	မန္တလေး	အကြမ်းဖက်စစ်အုပ်စုမှ ဇူလိုင်လ ဖ ရက်နေ့က ဖမ်းဆီးသွားခဲ့သည့် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကုန်း ကျေးရွာမှ ရွာသား ငါးဦးအနက် တစ်ဦးဖြစ်သည့် ကိုမိုးဇော်မှာ စစ်ကြောရေးအတွင်းရရှိသော ဒဏ်ရာများဖြင့် ဇူလိုင်လ ၃၁ ရက်နေ့တွင် မြင်းခြံဆေးရုံကြီး၌ ကျဆုံးသွားခဲ့ကြောင်းသိရှိရသည်။ ကိုမိုးဇော်၏ကျောပြင်တွင် ဓားဖြင့် မွန်း၊ ဆေးလိပ်မီး ဖြင့် ထိုးခံထားရသည့် ဒဏ်ရာများ၊ ရင်ညွန့်နှင့် ဝမ်းပိုက်တွင် သေနတ်ဒင်ဖြင့် ထုထောင်းခြင်းခံထားရသည့် ဒဏ်ရာများတွေ့ရှိ ရကြောင်း သိရှိရသည်။
၈၅၄	အေးမင်း	ကျား	၂၅	အမည်မသိ	ဂ ဇူလိုင် ၂၁	ဂ ဇူလိုင် ၂၁	လက်သမားဆရာ	အလုပ်ရုံအတွင်းပစ်ခတ်ခံရ		ကလေး	စစ်ကိုင်း	ယနေ့ (ဇူလိုင် ဂ) နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့အနီးရှိ ထိုမာကျေးရွာကို အကြမ်းဖက်စစ်အုပ်စု၏ တပ်များမှ ဝင်ရောက် ပစ်ခတ်ခဲ့ခြင်းကြောင့် ဆန်စက်တွင် လက်သမားလုပ်နေသည့် ပေါက်ခုံရွာသားဖြစ်သူ ဦးအေးမင်း သည် ဦးခေါင်းကို ကျည်ထိမှန်ကာ ကျဆုံးသွားခဲ့သည်။

၈၅၅	မီး	မ		အမည်မသိ	၇ ဇူလိုင် ၂၁	၇ ဇူလိုင် ၂၁	အရပ်သား	ဗလမင်းထင်တံတားအနီး	မိုင်းနား မခေါယာန်ကျေးရွာ	ဝိုင်းမော်	ကချင်	ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်တွင် ယမန်နေ့ (ဇူလိုင် ၇) ညနေပိုင်းက အကြမ်းဖက်စစ်အုပ်စု၏ တပ်သားများမှ ကားတစ်စီးအား စစ်ဆေးရန် တားဆီးရာ ရပ်တန့်ပေးခြင်းမရှိသည့်အတွက် သေနတ်ဖြင့်ပစ်ခတ်ခဲ့သောကြောင့် အနီးအနားတွင် သစ်သီးရောင်းနေသည့် မိုင်းနားကျေးရွာအုပ်စု၊ မခေါယာန်ကျေးရွာမှ မမီးဆိုသည့် ဒေသခံအမျိုးသမီးအား ထိမှန်ကာ ကျဆုံးသွားခဲ့ကြောင်း သိရှိရသည်။
၈၅၆	ဖြိုးလှိုင်ဝင်း	ကျား	၂၆	အမည်မသိ	၈ ဇူလိုင် ၂၁	၈ ဇူလိုင် ၂၁	အရပ်သား	စက်မှုဇုန် ရှေ့	ဆားခါးကျေးရွာ	မြင်းခြံ	မန္တလေး	ဇူလိုင်လ ၈ ရက်နေ့ ည ၉ နာရီအချိန်က မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆားခါးကျေးရွာမှ ကိုဖြိုးလှိုင်ဝင်းသည် အကြမ်းဖက်စစ်အုပ်စု၏ တပ်များ တပ်စွဲထားသော မြင်းခြံမြို့၊ စက်မှုခန်းမဟောင်းရှေ့မှ ဖြတ်သန်းသွားစဉ် အကြောင်းမဲ့ ပစ်သတ်ခြင်းခံခဲ့ရသည်။
၈၅၇	လှပို	ကျား	၆၀	ဦးဘတင်	၈ ဇူလိုင် ၂၁	၉ ဇူလိုင် ၂၁	အရပ်သား	ယင်းကျေးရွာအတွင်း	ယင်းကျေးရွာ	ကနီ	စစ်ကိုင်း	ဇူလိုင်လ ၈ ရက်နေ့တွင် အကြမ်းဖက်စစ်အုပ်စုမှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်၊ ယင်းကျေးရွာမှ ဒေသခံတစ်ဦးဖြစ်သူ ဦးလှပိုသည် ဖမ်းဆီးထိန်းသိမ်းခြင်းခံထားရစဉ်အတွင်း ညှဉ်းပန်းနှိပ်စက်ခြင်းခံခဲ့ရ သောကြောင့် ဇူလိုင်လ ၉ ရက်နေ့တွင် ကျဆုံးသွားခဲ့ကြောင်း သိရှိရသည်။ ဦးလှပို၏ ရုပ်အလောင်းတစ်ခုလုံးတွင် ရိုက်နှက် ဒဏ်ရာများနှင့် ညှဉ်းပန်းနေသည်ဟု ဒေသခံတစ်ဦး၏ပြောကြားချက်အရ သိရှိရသည်။
၈၅၈	ကျော်ငွေ	ကျား	၄၅	ဦးသန်း	၉ ဇူလိုင် ၂၁	၉ ဇူလိုင် ၂၁	အရပ်သား	ခင်တန်းရွာညတော	ယင်းရွာ	ကနီ	စစ်ကိုင်း	
၈၅၉	ခင်မောင်မြင့်	ကျား	၅၈	ဦးပန်	၉ ဇူလိုင် ၂၁	၉ ဇူလိုင် ၂၁	အရပ်သား	ခင်တန်းရွာညတော	ယင်းရွာ	ကနီ	စစ်ကိုင်း	
၈၆၀	တင့်	ကျား	၆၃		၉ ဇူလိုင် ၂၁	၉ ဇူလိုင် ၂၁	အရပ်သား	ခင်တန်းရွာညတော	ယင်းရွာ	ကနီ	စစ်ကိုင်း	

၈၆၁	စိုးအောင်	ကျား		ဦးတုတ်ပေါ	၉ ဇူလိုင် ၂၁	၉ ဇူလိုင် ၂၁	အရပ်သား	ခင်တန်းရှည်တော	ယင်းရွာ	ကနီ	စစ်ကိုင်း	
၈၆၂	အေးကို	ကျား	၄၃	ဦးလုံး	၉ ဇူလိုင် ၂၁	၉ ဇူလိုင် ၂၁	အရပ်သား	ခင်တန်းရှည်တော	ယင်းရွာ	ကနီ	စစ်ကိုင်း	
၈၆၃	စည်သူအောင်	ကျား	၂၅	ဦးသန်းအောင်	၉ ဇူလိုင် ၂၁	၉ ဇူလိုင် ၂၁	အရပ်သား	ခင်တန်းရှည်တော	ယင်းရွာ	ကနီ	စစ်ကိုင်း	
၈၆၄	မင်းချစ်ဦး	ကျား	၂၇	ဦးဝင်းစိုး	၉ ဇူလိုင် ၂၁	၉ ဇူလိုင် ၂၁	အရပ်သား	ခင်တန်းရှည်တော	ယင်းရွာ	ကနီ	စစ်ကိုင်း	
၈၆၅	ဇင်သူအောင်	ကျား	၃၀	ဦးခင်မောင်ရီ	၉ ဇူလိုင် ၂၁	၉ ဇူလိုင် ၂၁	အရပ်သား	ခင်တန်းရှည်တော	ယင်းရွာ	ကနီ	စစ်ကိုင်း	
၈၆၆	ထင်ကျော်အောင်	ကျား	၃၃	ဦးခင်မောင်ရီ	၉ ဇူလိုင် ၂၁	၉ ဇူလိုင် ၂၁	အရပ်သား	ခင်တန်းရှည်တော	ယင်းရွာ	ကနီ	စစ်ကိုင်း	
၈၆၇	ဇော်ထွန်း	ကျား	၃၈	ဦးမဲမောင်	၉ ဇူလိုင် ၂၁	၉ ဇူလိုင် ၂၁	အရပ်သား	ခင်တန်းရှည်တော	ယင်းရွာ	ကနီ	စစ်ကိုင်း	
၈၆၈	သန်းမင်းဦး	ကျား	၂၃	ဦးဇော်မင်း	၉ ဇူလိုင် ၂၁	၉ ဇူလိုင် ၂၁	အရပ်သား	ခင်တန်းရှည်တော	ယင်းရွာ	ကနီ	စစ်ကိုင်း	
၈၆၉	ဇော်ဌေး	ကျား	၄၃	ဦးကျော်ခင်	၉ ဇူလိုင် ၂၁	၉ ဇူလိုင် ၂၁	အရပ်သား	ခင်တန်းရှည်တော	ယင်းရွာ	ကနီ	စစ်ကိုင်း	
၈၇၀	ဇော်မင်းဌေး	ကျား	၃၀	ဦးကျင်မောင်	၉ ဇူလိုင် ၂၁	၉ ဇူလိုင် ၂၁	အရပ်သား	ခင်တန်းရှည်တော	ကုန်းသာကျေးရွာ	ကနီ	စစ်ကိုင်း	
၈၇၁	သားပြည့်စုံ	ကျား	၂၁	ဦးစိန်ကျော်	၉ ဇူလိုင် ၂၁	၉ ဇူလိုင် ၂၁	အရပ်သား	ခင်တန်းရှည်တော	ပလူဇဝ (ရေဦး)	ကနီ	စစ်ကိုင်း	
၈၇၂	ဉာဏ်ထွန်း	ကျား	၃၇	ဦးဆန်းထွေး	၉ ဇူလိုင် ၂၁	၉ ဇူလိုင် ၂၁	အရပ်သား	ခင်တန်းရှည်တော	ထောက်ကြံကုန်း	ကနီ	စစ်ကိုင်း	
၈၇၃	ခန့်ကိုကိုမောင်	ကျား	၃၀	အမည်မသိ	၁၀ ဇူလိုင် ၂၁	၁၀ ဇူလိုင် ၂၁	ယဉ်ထိန်းရဲ (CDM)	ပြည်ကြီးတံခွန်မြို့နယ်၊ ကျီးကုန်းကျေးရွာ	ကျီးကုန်းကျေးရွာ	ပြည်ကြီးတံခွန်	မန္တလေး	အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) ပြုလုပ်ထားသူများကို ထောက်ပံ့ကူညီပေးနေသည့် အမျိုးသမီးတစ်ဦး ဖမ်းဆီးခြင်း ခံခဲ့ရပြီး ၎င်း၏ ထွက်ဆိုမှုကြောင့် အကြမ်းဖက်စစ်အုပ်စုမှ ပုသိမ်ကြီးမြို့နယ်၊ ကျီကုန်းကျေးရွာတွင် CDM ပြုလုပ်နေသည့် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲတပ်သား ခန့်ကိုကိုမောင်ကို ဇူလိုင်လ ၁၀ ရက်နေ့ ညနေတွင် ပစ်ခတ်ဖမ်းဆီးခဲ့ရာ ရဲတပ်သား ခန့်ကိုကိုမောင်သည် ကျောကုန်းတွင် ကျည်ဖောက်ဝင် ဒဏ်ရာရရှိခဲ့ပြီး နေရာတွင်ပင် ကျဆုံးသွားခဲ့သည်။

၈၇၄	ဖိုးဆယ်	ကျား		အမည်မသိ	၁၀ ဇူလိုင် ၂၁	၁၀ ဇူလိုင် ၂၁	အရပ်သား	သုံးခွ	တောင်ပိုင်းခရိုင်	သုံးခွ	ရန်ကုန်	ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်တွင် ဇူလိုင်လ ၁၀ ရက်နေ့က ကိုဗစ်ရောဂါအတွက် အောက်စီဂျင် လိုက်ရှာနေသည့် အရပ်သားတစ်ဦးဖြစ်သူ ကိုဖိုးဆယ်သည် အကြေမ်းဖက်စစ်အုပ်စု၏ ဖမ်းဆီးခြင်းကို ခံခဲ့ရပြီးနောက် ရိုက်နှက်ညှဉ်းပန်း နှိပ်စက်ခြင်းခံခဲ့ရသောကြောင့် ယင်းနေ့တွင်ပင် ကျဆုံးသွားခဲ့သည်။
၈၇၅	ငမ်ကျင်ပေါင်	ကျား	၂၃	အမည်မသိ	၁၀ ဇူလိုင် ၂၁	၁၀ ဇူလိုင် ၂၁	အရပ်သား	ကျွန်းပင်သာတံတားအနီး	နောင်ကသစ်ကျေးရွာ	တမူး	စစ်ကိုင်း	ဇူလိုင်လ ၁၀ ရက်နေ့ ညအချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ မြို့သစ်မြို့နယ်ခွဲ၊ နောင်ကသစ်ကျေးရွာမှ ဆယ်ကျော်သက် လူငယ် ခြောက်ဦးသည် အနီးနားကျေးရွာသို့ သွားရောက်လည်ပတ်ပြီး အိမ်သို့ပြန်လာစဉ် အကြမ်းဖက် စစ်အုပ်စုမှ ပစ်ခတ်ခဲ့ခြင်းကြောင့် နှစ်ဦးမှာ နေရာတွင်ပင် ကျဆုံးသွားခဲ့ပြီး သုံးဦး ဖမ်းဆီးခြင်းခံခဲ့ရကာ တစ်ဦး ထွက်ပြေး လွတ်မြောက်သွားခဲ့ကြောင်း သိရှိရသည်။ ဖမ်းဆီးခြင်းခံခဲ့ရသူ သုံးဦးအနက် ဝမ်းဗိုက်ကို ကျည်ထိမှန်ထားသူ တစ်ဦးမှာ ယမန်နေ့ (ဇူလိုင် ၁၂) က ပြန်လည် လွတ်မြောက်လာခဲ့ပြီး နှစ်ဦးမှာ ဖမ်းဆီး ထိန်းသိမ်းခြင်းခံထားရစဉ်အတွင်း ညှဉ်းပန်း နှိပ်စက်ခံရခြင်းကြောင့် ကျဆုံးသွားခဲ့သည်ဟု သိရှိရသည်။ ကျဆုံးသွားခဲ့သည့် လူငယ် လေးဦးမှာ အသက် ၂၃ နှစ်အရွယ် မောင်ငမ်ကျင်ပေါင်(Ngam Chin Pso)၊ အသက် ၁၆ နှစ်အရွယ်

